မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၉ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၀)

နိုင်ငံတော်တစ်ရပ်လုံး၏လိုအပ်ချက်လေ့လာ အသေးစိတ်စီမံချက်ချလုပ်ကိုင်

စက်ပစ္စည်းများကို ထုတ်လုပ်ရာ၌ မိမိတို့၏ လိုအပ်ချက်နှင့် နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် လေ့လာဆန်းစစ်တွက်ချက်ပြီး မည်ကဲ့သို့ စက်ပစ္စည်း အမယ်သစ်(အမည်သစ်)များကို မည်ကဲ့သို့ တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်အောင်၊ မည်သည့်အစိတ်အပိုင်းကို ပြုပြင်သွားပြီး မည်သည့်စက်ပစ္စည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ်စီမံချက်ချ လုပ်ကိုင်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၂) စက်မှုဝန်ကြီးဌာနအင်းတကော်စက်မှုနယ်မြေရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းက ဒီဇိုင်းသစ်ဖြင့် တီထွင်ထုတ်လုပ်ပြသည့်(X-2000)အမျိုးအစား သဘာဝဓာတ်ငွေ့သုံး မာဇဒါဂျစ်နှင့် ဓာတ်ဆီသုံးပုံစံသစ် မာဇဒါဂျစ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီစက်ရုံအလုပ်ရုံများ ထူထောင်ပေးနေ ထုတ်လုပ်သောစက်ပစ္စည်းများ ပုံသဏ္ဌာန်ရောအရည်အသွေးပါ အမြဲတိုးတက်ကောင်းမွန်နေရန် အထူးလိုအပ် သုံးစွဲသူများ၏စိတ်ကြိုက်ဖြစ်အောင် သုတေသနပြု၊ သုံးစွဲသူများထံမှ အကြံပြုချက်များရရှိအောင်စီစဉ် အားနည်းချက်များကို ထိထိရောက်ရောက်ပြုပြင်သွားနိုင်မှ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်မြင်မည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံနှင့် အလုပ်ရုံများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ *ကျော်ဖုံးသို့* ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် ကျရာကဏ္ဍကပါဝင် နိုင်ငံချစ်စိတ်၊ ရဲဘော်ရဲဘက်စိတ်ဖြင့် တက်တက်ကြွကြွဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုစွမ်းအား မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ကူညီအားပေး မြှင့်တင်ပေးလျက်ရှိသည်။

ယနေ့နိုင်ငံတော်၌ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးသယ်ပိုးလိုသော စေတနာရှင်များ ပူးပေါင်းပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် တူညီသောယုံကြည်ချက်၊ ခံယူချက်များဖြင့် ပူးပေါင်းပါဝင်၍ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်လျက်ရှိရာ အောင်မြင်မှုအရှိန်အဟုန်များ တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတော်၏အကျိုးကို ကျရာအခန်းကဏ္ဍမှ သယ်ပိုးထမ်းဆောင်လျက်ရှိသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၂/၂၀၀၅)ကို မတ်လ ၁၂ ရက်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"အဖွဲ့အစည်းတစ်ခု ရှင်သန်အောင်မြင်ရေးအတွက် တူညီသောသဘောတရား၊ တူညီသောယုံကြည်ချက်၊ ခံယူချက်နှင့် လက်တွေ့ပေါင်းစပ်ဆောင်ရွက်သွားမှသာ ယင်းအဖွဲ့ရေရှည်တည်တံ့ခိုင်မြဲ အောင်မြင်နေမည်ဖြစ်ကြောင်း၊ မိမိတို့ စစ်မှုထမ်းဟောင်းအဖွဲ့ အနေဖြင့်လည်း အဆင့်ဆင့်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့ဝင်များအနေဖြင့် တူညီသောသဘောတရား၊ တူညီသောယုံကြည်ချက်၊ ခံယူချက်များအပေါ်တွင် လက်တွေ့ပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုး၊ အသင်းအဖွဲ့၏အကျိုးအတွက် တက်ညီလက်ညီ အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန်လိုကြောင်း"

ပြောကြားသွားသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည့်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ထားလျက် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊စီးပွားရေး၊နိုင်ငံတော်ကို အကျိုးပြုရေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးစသည့်လုပ်ငန်းများတွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားရန် ဟူသောရည်ရွယ်ချက်များထားရှိ ဆောင်ရွက်လျက် ရှိသည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သာမက အစိုးရမဟုတ်သော အဖွဲ့အစည်းအားလုံးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တစ်တပ်တစ်အား ပံ့ပိုးကူညီ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း နေရာဒေသအနှံ့ နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် အခြားအဖွဲ့အစည်းများနှင့်အတူ ပါဝင်ကူညီဆောင်ရွက်သွားကြရန် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် နိုင်ငံချစ်စိတ်၊ စွန့်လွှတ်အနစ်နာခံစိတ်၊ ရဲဘော်ရဲဘက်စိတ် စသည့်ကောင်းမြတ်သော အစဉ်အလာများဖြင့် ကျရာကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖွံ့ဖြိုးဆဲနိုင်ငံ ၂၀ ကုန်သွယ်ရေးဆွေးနွေးပွဲ အိန္ဒိယက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည်

နယူးဒေလီ မတ် ၁၆

ဖွံ့ဖြိုးဆဲနိုင်ငံ ၂၀မှ ကုန်သွယ်ရေးဝန်ကြီးများ(ဂျီ-၂၀)သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၌ စေ့စပ်ဆွေးနွေးရေးအတွက် ပူးတွဲမဟာဗျူဟာကို အကောင်အထည်ဖော်ရန်နှင့် နှစ်ရက်ကြာဆွေးနွေးပွဲကို သောကြာနေ့တွင် နယူးဒေလီ၌ ပြုလုပ်မည်ဖြစ်ကြောင်း အင်ဒို-အာရှနယူးစ်ဆားဗစ်က အင်္ဂါနေ့တွင် ဖော်ပြသည်။

ယင်းနှစ်ရက်ကြာအစည်းအဝေးတွင် အဓိကအားဖြင့် ကုန်သွယ်ရေးနှင့် ဈေးကွက်တိုးတက်ရေးအတွက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ပြုလုပ်မည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ပြင်ဆင်ထားမှု၏ ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး ခါမေလ်နတ်သ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အောင်မြင်မှု

မိမိတို့သည် (ဂျီ-၂၀) စာတမ်းကို အပြန်အလှန်ကုန်သွယ်မှုဆွေးနွေးပွဲအတွက် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ယင်းစာတမ်းသည် လာမည့်လေးလတာကာလအတွက် အောင်မြင်မှုရရှိစေရန်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဇူလိုင်လတွင် ဒဗလျူတီအို အတွင်းရေးမှူးသည် ဟောင်ကောင်၌ ဒီဇင်ဘာတွင်ကျင်းပမည့် ဒဗလျူတီအို ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပရေး ပထမဆုံး မူကြမ်းအစီအစဉ်ကို တင်ပြမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံများ

(ဂျီ-၂၀)တွင်ပါဝင်သောနိုင်ငံများမှာ အိန္ဒိယ၊ အာဂျင်တီးနား၊ ဘိုလီးဘီးယား၊ ဘရာဇီး၊ ချီလီ၊ တရုတ်၊ ကျူးဘား၊ အီဂျစ်၊ ဂွါတီမာလာ၊ အင်ဒိုနီးရှား၊ မက္ကဆီကို၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ပါရာဂွေး၊ ဖိလစ်ပိုင်၊ တောင်အာဖရိက၊ တန်ဇန်းနီးယား၊ ထိုင်း၊ ဗင်နီဇွဲလားနှင့် ဇင်ဘာဘွေနိုင်ငံတို့ဖြစ်သည်၊

အမ်အင်အေ၊ဆင်ဟွာ

ရေနွေးကြမ်းတွင် ပါဝင်သည့်ဒြပ်ပေါင်း ကင်ဆာဆဲလ်သေနိုင်

လန်ဒန် မတ် ၁၆

စပိန်နှင့် ဗြိတိသျှသိပ္ပံပညာရှင် များသည် ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ရန် ရေနွေးကြမ်းက မည်သို့အကျိုးပြုပုံကို ရှာဖွေတွေ့ရှိထားသည် ဟုဆိုသည်။

ရေနွေးကြမ်းတွင် ပါဝင်သောအီးဂျီစီဂျီဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးသည် ကင်ဆာဆဲလ်များကြီးထွားခြင်းကို ကာကွယ်ပေးနိုင်ကြောင်း စပိန်မူရီယာတက္ကသိုလ်နှင့် အင်္ဂလန်နိုင်ငံ နော့ဝှစ်မြို့ရှိ ဂျွန်အင်းနက် ဗဟိုဌာနများမှ ပါမောက္ခများက ပြောကြားသည်။

မိမိတို့သည် ရေနွေးကြမ်းတွင်ပါဝင်သည့် အီးဂျီစီဂျီကို ပထမဆုံး တွေ့ရှိခဲ့ကြောင်း၊ ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ပါမောက္ခရိုဂျာက ရိုက်တာသို့ ပြောကြားသည်။

အီးဂျီစီဂျီသည် ရေနွေးကြမ်းတွင် ကင်ဆာတိုက်ဖျက်ရေးအတွက် အရေး ပါသည့် အရာဖြစ်လာဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

သိပ္ပံပညာရှင်များသည် မက်သရိုထရီအိတ်ဟုခေါ်သော ကင်ဆာဆေးတစ်မျိုးနှင့် တည်ဆောက်ပါဝင်ဖွဲ့ စည်းပုံတူညီကြောင်း ဆုံးဖြတ်ပြီးနောက် အီးဂျီစီဂျီကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။

မိမိတို့တွေ့ရှိခဲ့သော အီးဂျီစီဂျီသည် မက်သရိုထရီ အိတ်ကဲ့သို့ ကင်ဆာဆဲလ်များကို သေစေနိုင်ကြောင်း ကင်ဆာသုတေသီဂျာနယ်မှ စာရေးဆရာ ဒေါက်တာ ဂျို့စ်နက်ကျူရိုက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



အာရှနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု မလေးရှားနိုင်ငံ အကျိုးအမြတ်ရရှိ

ကွာလာလမ်ပူ မတ် ၁၆

မလေးရှားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ယင်း၏ကုန်သွယ်မှုကို ဆက်လက်၍ စူးစူးစိုက်စိုက်လုပ်ဆောင်နေချိန်တွင် ဒေသတွင်းကုန်သွယ်မှုကိုလည်း ဆက်လက်၍ နက်နက်ရှိုင်းရှိုင်းလုပ်ဆောင်သွားမည်ဟု ပြည်သူ့ဘဏ်က ပြောကြားသည်။

ယင်းသည် မလေးရှားနှင့် ဒေသတွင်းရှိ နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆက်စပ်မှုများ ပိုမိုနီးကပ်မှုရှိသည်ကို ပြသွန်းကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် ပြည်သူ့ဘဏ်စီးပွားရေး သုံးသပ်ချက်၌ ဖော်ပြထားသည်။

အကျိုးအမြတ်

ကုန်သွယ်မှု နိုင်ငံတစ်နိုင်ငံဖြစ်သောမလေးရှားနိုင်ငံသည်ဒေသအတွင်း စီးပွားရေးမှန်မှန်တိုးတက်မှု အကျိုးအမြတ်ကို ရမည်ဖြစ်သည့်ပြင် ယင်းနိုင်ငံများအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအဆင်ပြေစေရန် ကြိုးပမ်းအားထုတ်မှု အမျိုးမျိုးမှလည်း အကျိုးအမြတ်ရရှိမည်ဟု သိရသည်။

ပြီးခဲ့သည့် ၂၀၀၄ခုနှစ်၌ မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေးတိုးတက်မှုသည် ၂၂ဒသမ ၈ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၃ခုနှစ်၌ ၈ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။

တိုးတက်ခဲ့

ထိုတိုးတက်မှုသည် သွင်းကုန်နှင့်ပို့ကုန်နှစ်မျိုးစလုံး တိုးတက်မှုဖြစ်သည်ဟု ဆိုသည်။ ထိုသို့ တိုးတက်ခဲ့ရာ၌ ပို့ကုန်သည် ၂၀၀၃ခုနှစ်၌ ၁၁ဒသမ၆ ရာခိုင်နှုန်းမှ ၂၀ဒသမ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန်၌ ၂၀၀၃ခုနှစ် တွင် ၄ဒသမ၈ ရာခိုင်နှုန်းမှ ၂၅ဒသမ ၈ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

✡ **ကျောဖုံးမှ**

အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိစဉ် လမ်းညွှန် မှာကြားခဲ့မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ပဏာမ ရှင်းလင်းတင်ပြပြီး အင်းတကော်စက်မှုနယ်မြေ၌ သံဘီးခွေစက်ရုံ (Disc Wheel Plant)၊ ရေဒီယေတာစက်ရုံ (Radiator Plant)၊ သတ္တုဘယ်ယာရင်စက်ရုံ (Metal Bearing Plant)၊ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ အင်လက်နှင့်အိပ်ဇောဘားစက်ရုံ (Inlet & Exhaust Valve Plant)၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ (Ball Bearing Plant) နှင့် အလူမီနီယမ်ဝါယာကြိုးစက်ရုံ (ACSR-Aluminium Conductor Steel Plant) တို့ တည်ဆောက် ပြီးစီးပြီးအခြေအနေ၊ ဝန်ထမ်းအင်အား၊ စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုစွမ်းအားတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက တည်ဆောက်နေဆဲ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံ၊ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံတို့၏ တည်ဆောက်မှုအခြေအနေ၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်၌ စက်ရုံ ၁၉ ရုံ တိုးချဲ့ထူထောင်နိုင်ခဲ့မှု၊ အကြီးစား မော်တော်ယာဉ်၊ ဂျစ်ကား၊ လယ်ထွန်စက်၊ နောက်တွဲယာဉ်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ စက်ကိရိယာအမျိုးမျိုး၊ တာယာအမျိုးမျိုးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို နှစ်အလိုက်တိုးချဲ့ ထုတ်လုပ်နိုင်မှု၊ အင်းတကော်စက်မှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်၊ စားပင်၊ သီးပင်များ စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရင်းနှီးမြှုပ်နှံထူထောင်နေ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်၏စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၌ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစား ပိုမိုမြင့်မားလာစေချင်၍ ယခုကဲ့သို့ ခေတ်မီစက်ရုံအလုပ်ရုံများကို မိမိတို့ရင်းနှီးမြှုပ်နှံ ထူထောင်နေခြင်းဖြစ်ကြောင်း။

စက်ပစ္စည်းများကိုထုတ်လုပ်ရာ၌ မိမိတို့၏လိုအပ်ချက်နှင့် နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် လေ့လာဆန်းစစ်တွက်ချက်ပြီး မည်ကဲ့သို့ စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များကို မည်ကဲ့သို့ တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေး ပိုမိုကောင်းမွန်အောင်၊ မည်သည့်အစိတ်အပိုင်းကိုပြုပြင်သွားပြီး မည်သည့်စက်ပစ္စည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ်စီမံချက်ချ လုပ်ကိုင်သွားကြရန်လိုကြောင်း၊ သို့မှသာ စက်ပစ္စည်းအမယ်သစ် (အမည်သစ်)များရော အမယ်ဟောင်းများကိုပါ အရည်အသွေး အဆင့်အတန်းရှိရှိ လိုအပ်သည့် အရေအတွက်အတိုင်း ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်း။

မိမိတို့ထုတ်လုပ်လိုက်သော စက်ပစ္စည်းများကို ပုံသဏ္ဍာန်အရရော အရည်အသွေးအရပါ အမြဲတိုးတက်ကောင်းမွန်နေရန်မှာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (Research and Development) ရှိနေရန် အထူးလိုအပ်ကြောင်း၊ သုံးစွဲသူများ၏ စိတ်ကြိုက်ဖြစ်အောင်၊ အသုံးတည့်နေအောင် သုတေသနပြုနေရမှာဖြစ်ကြောင်း၊ သုံးစွဲသူများထံမှလည်း ဝေဖန်အကြံပြုချက်များ ရရှိအောင်စီစဉ်ပြီး မိမိတို့၏ အားနည်းချက်များကို ထိထိရောက်ရောက် ပြုပြင်သွားနိုင်မှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်မှာဖြစ်ကြောင်း။

အချိတ်အဆက်မိမိ

ထို့ပြင် ဌာနတစ်ခုနှင့် တစ်ခုလုပ်ငန်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု၊ ပစ္စည်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုတို့ကိုလည်း အချိတ်အဆက်မိမိ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အစိုးရဌာနများ၌ ဌာနအလိုက် ခေတ်မီစက်ကိရိယာပစ္စည်းများ တပ်ဆင်ထားသည့် စက်ရုံအလုပ်ရုံများရှိနေကြရာ စက်ရုံအလုပ်ရုံ အချင်းချင်း အပြန်အလှန် အသိအမြင်ဖလှယ်ပြီး အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်နေရန် အရေးကြီးကြောင်း၊ ထို့အတူ ပုဂ္ဂလိကစက်မှုကဏ္ဍအပိုင်းနှင့်လည်း လိုအပ်သောညှိနှိုင်းဆက်စပ်မှုများ ရှိနေရန်လိုအပ်ကြောင်း၊ သို့မှသာ စက်ရုံအလိုက်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်ပိုင်နိုင်သော စက်ပစ္စည်းများကို အပြန်အလှန် အထောက်အကူပြုထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော်စက်မှုနယ်မြေ သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနရှိ ကွန်ပျူတာများအသုံးပြု၍ ကုန်ပစ္စည်းအမယ်သစ်များ(အမည်သစ်) တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကွန်ပျူတာသုံးစက်မှုပုံစံဒီဇိုင်း ထုတ်လုပ်ခြင်းနှင့် ကွန်ပျူတာဖြင့် အလိုအလျောက်စက်ခုတ်စားမှုပြသသည့် ကွန်ပျူတာခန်း (CAD & CAM Computer Room)ကိုလည်းကောင်း၊သတ္တုအနုစိတ်တည်ဆောက်မှုစမ်းသပ်ခန်း (Metallographic Microstructure Testing Room) ၌ ပြသထားသည့် သတ္တုအနုစိတ်တည်ဆောက်မှု စမ်းသပ်ကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပြသရှင်းလင်းကြသည်။



ဆက်လက်၍ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက ထုတ်လုပ်သည့် မော်တော်ယာဉ်သုံးနှင့် လယ်ထွန်စက်ကြီးသုံးတာယာများ၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာများနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနပိုင်ရော်ဘာခြံများမှထွက်ရှိသည့် ရော်ဘာပစ္စည်းအမျိုးအစားများပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အင်ဂျင်စမ်းသပ်ခန်း (Engine Testing Room)နှင့် Mechanical & Physical Properties Roomတို့တွင် တပ်ဆင်ထားသည့် စက်မှုနည်းပညာဆိုင်ရာ စက်ပစ္စည်းကိရိယာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနပြင်ပ၌ ခင်းကျင်းပြသထားသည့် မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းက တီထွင်ထုတ်လုပ်သော ဘက်ထရီအားသုံး ကောက်ရိတ်စက်တို့ကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းက ဒီဇိုင်းသစ်ဖြင့် တီထွင်ထုတ်လုပ်ပြသထားသည့် (X-2000)အမျိုးအစား သဘာဝဓာတ်ငွေ့သုံး မာဇဒါဂျစ်နှင့် ဓာတ်ဆီသုံးပုံစံသစ်မာဇဒါဂျစ် (CNG Vehicle & Petrol Vehicle)တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဘယ်ယာရင်စက်ပစ္စည်းကြည့်ရှု

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘောဘယ်ယာရင်အလုပ်ရုံသို့ သွားရောက်ကြပြီး စက်ရုံကထုတ်လုပ်ထားသည့် ဘောဘယ်ယာရင် အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဘောဘယ်ယာရင် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို စက်ရုံအတွင်း အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလူမီနီယမ်ဝါယာကြိုးထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားလိုင်းများအသုံးပြုသည့် အလူမီနီယမ်ဝါယာကြိုးဆိုဒ်အမျိုးမျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း၊ အလူမီနီယမ်ဝါယာကြိုးများထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်နှင့် စက်ရုံသုံးကုန်ကြမ်းများ သိုလှောင်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

တာဝန်ရှိသူများအားမှာကြား

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ လျှပ်စစ်မော်တာထုတ်လုပ်မှုစက်ရုံစီမံကိန်းသို့ သွားရောက်၍ စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေ၊ စက်ရုံတွင် တပ်ဆင်ထုတ်လုပ်မည့် လျှပ်စစ်မော်တာစက်ပစ္စည်း အစိတ်အပိုင်းများရောက်ရှိမှုနှင့် စက်အရန်ပစ္စည်းများ ပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား ထပ်မံမှာကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေမှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၃ခုနှစ်ဇွန်လတွင် အင်းတကော်သို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားမှုအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု

- ❑ သံဘီးခွေစက်ရုံ (Disc Wheel Plant)၊
- ❑ ရေဒီယေတာစက်ရုံ (Radiator Plant)၊
- ❑ သတ္တုဘယ်ယာရင်စက်ရုံ (Metal Bearing Plant)၊
- ❑ လက်တွန်းထွန်စက်အင်ဂျင် စက်ရုံ၊ အင်လက်နှင့် အိပ်ဇောဘားစက်ရုံ (Inlet & Exhaust Valve Plant)၊
- ❑ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ (Ball Bearing Plant)၊
- ❑ အလူမီနီယမ် ဝါယာကြိုးစက်ရုံ (ACSR-Aluminium Conductor Steel Plant)။

တည်ဆောက်ဆဲစက်ရုံများ

- ❑ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံ၊
- ❑ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံ။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၁၈

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယင်းအစည်းအဝေးသို့ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးတော်ဆောင် ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၊ အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးမျိုးကျော်၊ အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူး များ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာ စာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေး တိုင်း ရေနံချောင်းမြို့ ရွှေတောင် ပါဠိ တက္ကသိုလ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ဆောင်ရွက်တော် မူသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယ အဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက် များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက် ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေး တိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာ ကြီးတောင်တိုက် ရတနာဗိမာန် စာချ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသက လည်း ကောင်း၊ သာသနာရေးရာ ဆောင်ရွက် ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည် နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍသိရီကလည်း ကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက် များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် မကွေးတိုင်း မကွေးမြို့ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် အဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ ကလည်းကောင်း ဝေဖန်ဆွေးနွေးတော် မူကြပြီး အစည်းအဝေးကို ခေတ္တ ရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ အကြံပြုတင်ပြလာသော ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဌမ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန် ဆောင်အဖွဲ့ ပဌမအစည်းအဝေး အစီ အစဉ်များကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း မုံရွာ မြို့ မဟာဇောတိကာရာမတိုက် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂါရဝ က တင်ပြပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များ၏ အတည်ပြုချက်ကို ရယူကာ ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခ ဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် ပျံလွန်တော် မူကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်နှင့် နိုင်ငံ တော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် များအတွက် သံဝေဂဉာဏ်ပွားတော် မူကြောင်း မှတ်တမ်းတင်ရန်ကိစ္စနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်း ခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်နှင့် နိုင်ငံ တော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာ တော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များက ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ပြန်လည်ရှင်းလင်း

ဆက်လက်၍ နိုင်ငံတော် သံဃ မဟာ နာယကအဖွဲ့ဝင် ဆရာတော် များက ဝိနိစ္ဆယရေးရာ၊ သာသနာရေး ရာနှင့် ပညာရေးရာ ဆောင်ရွက်ချက် များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဌမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပဌမ အကြိမ် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၉ ရက် (၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်) တနင်္ဂနွေနေ့မှ ယနေ့ အထိ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ် လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယ က ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက် ရယူတော်မူသည်။

ထို့နောက် ပဌမအကြိမ် ဓကာဒသမ (လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပြင့်ဆောင်ရန်ကိစ္စနှင့် စပ် လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူ ကြပြီး အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတော်မူကြကာ အစည်းအဝေး သို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဇယန္တော ဗောဓိယာ မူလေအစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆို၍ ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးကို ညနေပိုင်း တွင် အောင်မြင်စွာ ကျင်းပပြီးစီး သွားသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(၄၇)ပါးစုံညီ တေရသမအစည်း အဝေးသို့ ကြွရောက်တော်မူလာကြ သော ဆရာတော်များအား အလှူရှင် များက ဆွမ်းခံဖွယ် ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ ယနေ့ တွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ် ၁၃(အေ)နေ ဦးဝင်းနိုင်- ဒေါ်စန်းစန်းနိုင်တို့က အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး လှိုင် မြို့နယ် ကန်ရိပ်မွန်အိမ်ရာ အမှတ် ၄၀(စီ)နေ (ဦးစံသာကျော်)-ဒေါ်ခင် လေးချစ် မိသားစုက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမ အစည်းအဝေးသို့ ကြွရောက်တော်မူ လာကြသည့် ဆရာတော်များအား အလှူရှင်များက ဆွမ်းခံဖွယ် ဘောဇဉ် များကို လှူဒါန်းကြရာ မတ် ၁၄ ရက် တွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရအား အမှူးထား၍ ဒေါ်ခင် ကြည်အေးအား ရည်စူးပြီး ရန်ကုန် တိုင်း ကမာရွတ်မြို့နယ် အာတီးယား လမ်းနေ ဦးကြိုင်မိသားစုက နေ့ဆွမ်း ကိုလည်းကောင်း၊ မတ် ၁၅ ရက်တွင် ဒေါ်အေးအား အမှူးထား၍ ဗိုလ်ကြီး ကျော်ဇော-ဒေါ်ဝင်းဝင်းဌေးမိသားစုက အရုဏ်ဆွမ်းကိုလည်းကောင်း၊ တာမွေ မြို့နယ် ၁၄၁ လမ်း အမှတ် ၆၅ နေ ဦးအေးတင်-ဒေါ်ကြူကြူ မိသားစု (ဟသ်ာမင်း စာအုပ်ချုပ်လုပ်ငန်း)က နေ့ဆွမ်းကိုလည်းကောင်း၊ မတ် ၁၆ ရက်တွင် တာမွေမြို့နယ် ၁၄၈ လမ်း အမှတ် ၁၅ နေ ဦးတင်မိုး-ဒေါ်အေးရှင်၊ ဦးစိန်ဝမ်း-ဒေါ်မဋ္ဌုထွန်း၊ ဦးအောင် နိုင်ထွန်း(ခ)အောင်အောင်-မစိုးစိုးအေး တို့က တစ်နေ့တာဆွမ်းအလှူကိုလည်း ကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ပဌမအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး ဒုတိယ နေ့သို့ တက်ရောက် ကြည်ညိုစဉ်။
(သတင်းစဉ်)

ရေ၊ မီး၊ ဆွမ်း၊ ဆေး စုပေါင်းရေစက်ချဓမ္မသာရ ကျင်းပမည်

ရန်ကုန် မတ် ၁၈

မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူ တော်အဖွဲ့ချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် စုပေါင်း ရေစက်ချပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် တပေါင်း လပြည့်ကျော် ၉ရက် (ဧပြီ ၂ရက်) စနေနေ့ နံနက် ၈နာရီတွင် ဓမ္မသာရ ကျောင်းတိုက် မင်းကွန်းတောင်ရိုး၌ ကျင်းပမည် ဖြစ်သည်။

တောင်ရိုးကြီးတစ်ခုလုံး ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်ကြီးများကို ထာဝရလှူဒါန်းကြသော ကုသိုလ်ရှင် များ၊ အလှူရှင်များ၊ ဓမ္မသာရအဖွဲ့ခွဲ များမှ အကျိုးတော်ဆောင်များသည် ကိုယ်တိုင် ကြွရောက်ကြည်ညိုနိုင်ရန် ဖုန်း-၀၂-၃၇၅၉၂၊ ၀၉-၅၁၁-၄၆၀၉ တို့သို့ မတ် ၂၂ရက် နောက်ဆုံးထား၍ စာရင်းသွင်း လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်မှ (၈၆)ကြိမ် သွေးလှူရှင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရ (လူမှုထူးချွန်ပထမဆင့်)ဦးဆောင်သော သွေး လှူရှင်အဖွဲ့၏ (၅၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန၌ကျင်းပရာ တာဝန်ရှိသူ များက ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ရွှေထီးဆောင်းဆရာတော်ဦးဆောင်သော သွေးလှူရှင်အဖွဲ့ သွေးလှူဒါန်း

ရန်ကုန် မတ် ၁၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်မှ (၈၆)ကြိမ် သွေးလှူရှင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရ (လူမှုထူးချွန်ပထမဆင့်) ဦးဆောင်သော သွေးလှူရှင်အဖွဲ့၏ (၅၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရက သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ဓာတ်ခွဲပညာ) ဒေါက်တာ တင်ညွှန့်က လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်စကားပြောကြားကာ အမျိုးသားသွေးဌာနမှ ပေးအပ်သည့် ဂုဏ်ပြု မှတ်တမ်းလွှာနှင့် သွေးလှူရှင်အဖွဲ့အတွက် အလှူငွေကျပ် ၃၀၀၀၀ ကို ဆရာတော်ထံ ဆက်ကပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ရွှေထီးဆောင်းဆရာတော်၊ ညွှန်ကြားရေးမှူး(ဓာတ်ခွဲပညာ) ဒေါက်တာတင်ညွှန့်နှင့် အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်တို့က ထီးဆောင်းကျေးရွာသူ၊ ကျေးရွာသား ၅၀ တို့၏ စုပေါင်း သွေး လှူဒါန်းမှုကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(TTC) ၁၉၈၈–၁၉၉၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို မတ် ၂၄ ရက် (တပေါင်းလပြည့်နေ့) နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ပြည်လမ်းရှိ ကျောင်းခန်းမဆောင်သစ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြတ်ဆရာကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဇော်နိုင်သိန်း ဖုန်း–၀၉–၅၀၀–၂၄၆၅၊ ကိုထင်လင်း(ခ)မောင်နီ ဖုန်း–၀၉–၅၀၁–၅၅၆၃၊ ကိုသန့်မြတ်ဦး ဖုန်း–၀၉–၅၀၀–၇၀၆၁၊ ကိုခိုင်ဝင်း ဖုန်း–၀၉–၈၀၃–၃၀၃၃၊ ကိုအောင်သက်ပိုင် ဖုန်း–၀၉–၅၀၀–၄၂၇၅၊ ကိုကျော်လှိုင်ဝင်း ဖုန်း–၀၉–၅၀၀–၇၃၉၃၊ ကိုအာကာကျော်ဝင်း ဖုန်း–၀၉–၅၀၁–၅၇၃၃ နှင့် ကိုထွန်းအောင်ကျော် ဖုန်း–၀၉– ၅၀၁–၄၄၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပေး ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရေး စီမံဆောင်ရွက်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တွင်းနှင့် အနယ်နယ် အရပ်ရပ်သို့ နေ့စဉ် ခရီးသွားလာလျက်ရှိသည့် ပြည်သူများနှင့် ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွား ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် ကြပ်မတ်၊ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့အနေဖြင့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်ကူလုံခြုံစွာသွားလာနိုင်ကြစေရေး အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ်များကို သတ်မှတ်ခါက်ရေပြည့်မီအောင် ပြေးဆွဲကြစေရေးနှင့် ကြားကားများပြေးဆွဲမှု မရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ဈေးနှုန်းကြီးမြင့်သော ဒီဇယ်ဆီနှင့် ဓာတ်ဆီအစား CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ယာဉ်လိုင်းများအလိုက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထေရဝါဒဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓမ္မဗိမာန်စာပေဆု ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၁၈

ထေရဝါဒဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု တတိယအကြိမ် ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကမေ့ရက္ခိတဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှိုင်းဟုပ်မိသားစု မိခင်ကြီးဒေါ်စန်းရီနှင့် ဆရာမကြီး ဒေါက်တာ ခင်ခင်ရီတို့က ဗုဒ္ဓဂယာ သာသနာနုဂ္ဂဟအသင်းကြီး၏ ထာဝရငွေပဒေသာအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က (Ph.D) ဒေါက်တာဘွဲ့ရ ရဟန်းတော်နှစ်ပါးတို့အား ဂုဏ်ပြုလက်မှတ်များကို ဆက်ကပ်၍ ပူဇော်ငွေများကို ကပ္ပိယကာရကထံ လွှဲအပ်လှူဒါန်းပြီး တစ်သက်တာ ဓမ္မစာပေဆုရ စာရေးဆရာကြီး ကိုးဦးတို့အား ဂုဏ်ပြုလက်မှတ်များနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။

လွှဲအပ်လှူဒါန်း

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက အဂ္ဂမဟာအကျော်၊ ပထမကျော်၊ ပထမလတ်နှင့် ပထမငယ်တန်းတို့တွင် ပထမဆုရ ရဟန်းတော်လေးပါးတို့အား ဂုဏ်ပြုလက်မှတ်များကို ဆက်ကပ်ပြီး ပူဇော်ငွေများကို ကပ္ပိယကာရကထံ လွှဲအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှိုင်းဟုပ်မိသားစုက ပထမကြီးနှင့် ပထမလတ်တန်းတို့တွင် ပထမဆုရ သီလရှင် နှစ်ပါး၊ ဓမ္မဗိမာန်စာပေဆုရ ရဟန်းတော် တစ်ပါးတို့အား ဂုဏ်ပြုလက်မှတ်များကို ဆက်ကပ်၍ ပူဇော်ငွေများကို ကပ္ပိယကာရကထံ လွှဲအပ်လှူဒါန်းပြီး ဓမ္မဗိမာန်စာပေဆုရ လူပုဂ္ဂိုလ်တစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေတို့ကို ပေးအပ်သည်။

ဂုဏ်ပြုလက်မှတ်ဆက်ကပ်

ထို့နောက် ဆန်းလွင်မိသားစုက ပထမငယ်တန်း ပထမဆုရ သီလရှင်တစ်ပါးနှင့် ဆန်းလွင်စာပေဆုရ ရဟန်းတော်တစ်ပါးတို့အား ဂုဏ်ပြုလက်မှတ်များကို ဆက်ကပ်၍ ပူဇော်ငွေများကို ကပ္ပိယကာရကထံ လွှဲအပ်လှူဒါန်းပြီး ဆန်းလွင်စာပေဆုရ လူပုဂ္ဂိုလ်တစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေတို့ကို ပေးအပ်သည်။

ယင်းနောက် တစ်သက်တာ ဓမ္မစာပေဆုရ စာရေးဆရာကြီး ဦးလှကြိုင် (ပါရဂူ)က ကျေးဇူးတင်စကား လျှောက်ထားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက မြို့သစ် (၈)ရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်အောင်က တစ်ဦးချင်းပေးအပ်စဉ်။ (၀၄၆)

သဃ်န်းကျွန်းမြို့နယ် (ဂ)ရပ်ကွက် ပညာအားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၅ ရက်က ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်လှိုင်၊ မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်မော်နှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးဖုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် နောင်ဆာ(ကချင်)ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်ဖွင့်

ရန်ကုန် မတ် ၁၈

ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု နောင်ဆာ(ကချင်)ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်တွင်ကျင်းပရာ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်း၊ ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းအောင်၊ ဧည့်သည်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ကုန်ကျငွေ စုစုပေါင်းငွေကျပ် ခုနစ်သိန်းကို နောင်ဆာ(ကချင်)ရွာသား ဒေါက်တာအက်(စ်)မိုးဇက်က လှူဒါန်းပြီး (၅)ကီလိုဝပ် ဒိုင်နမိုအပါအဝင် ရေအားလျှပ်စစ်တာဘိုင်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကထိက ဦးအောင်သူလင်းက စမ်းသပ်တပ်ဆင်သည်။ လျှပ်စစ်ဓာတ်အား (၅)ကီလိုဝပ်အားဖြင့် အိမ်ခြေ ၃၅ လုံး၊ ဘုရားရှိခိုးကျောင်းနှင့် လမ်းမီးတို့ကို ၂၄ နာရီဖြန့်ဖြူးနိုင်သည့်အပြင် ၇၅၀ ဝပ်အားရှိ ရွှေပေါ်စက်၊ ဖောက်စက်တို့ တစ်ပြိုင်တည်းအသုံးပြုနိုင်သည့်အပြင် ရေမြုပ်မော်တာဖြင့် ၁၀ ပေအမြင့်ထိ ရေတင်ပို့နိုင်ကြောင်း စမ်းသပ်ရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင်များညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၈

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁)ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး **(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

နိဂုံးချုပ်အမှာစကားပြော

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဆိပ်မြတ်ကမ်းသာ

❒ ပြည်ထောင်စု လှေတော်သားတို့
မွန် ကယား ချင်း ကချင်၊
ကရင် ဗမာ ရခိုင် ရှမ်း
အေးချမ်းတဲ့မိသားစုအသွင်။
လူမျိုးက စုံစုံလင်
အားသစ်ဆင် ဒို့သွေးသား၊
ရွက်အကုန် တက်စုံဖွင့်
လွှင့်ကြစို့လား။ ။

❒ ပြည်ထောင်စုဒို့ရဲ့လှေ
မုန်တိုင်းရေ လှိုင်းလေပုတ်
မဆုတ်တွန်းလှန်၊
ကိုလိုနီလက်သစ်ရဲ့ ဆိုးညစ်သည့်အကြံ
ဖယ်ရှားရန်မလွဲ။
အရေးကြုံ သွေးဆုံကြ၊
အောင်ရမှာပဲ။ ။

❒ ဒို့ရဲ့လှေ ပြည်ထောင်စု
ဒို့ရဲ့ပြည် တည်ထောင်ပြု
ရည်ဆောင်ပြု အခြေခံဥပဒေ
ပြုစုလို့နေ၊
ဒို့ညီနောင် ရှစ်ဖွဲ့က
ဒို့ချစ်တဲ့ ပြည်ထောင်စုအတွက်
ရည်ဆောင်ပြု ဆိပ်မြတ်ကမ်းသာ
သိပ်ကပ်လှမ်းလာ၊
ရောက်ဖို့ရာမဝေး။
လမ်းစဉ်မှန် ခုနစ်ရပ်
တည့်မတ်စွာ လမ်းပြပေးပြီမို့
အရေးကြီးပြီ စည်းလုံးကြပါစို့
လှေခွက်ချည်းကျန် အလံမလှဲစတမ်းသာပ
ရေပွက်ဟည်းသံ အသံမစဲရအောင်
(ပြည်သူတို့ရယ်) နွံကြစို့လေး။ ။

တက္ကသိုလ်တင်ခ

(အမျိုးသားညီလာခံကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအားဂုဏ်ပြုပူဇော်မည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၅)ဖြင့် သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ရာတွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓါစာရ အရှင်သူမြတ်၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဟင်္သာတမြို့ မိုးကုတ်ဝိပဿနာ ထားဝယ်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ အရှင်သူမြတ်နှင့် ၁၃၆၆ခုနှစ် (၅၇)ကြိမ်မြောက် တိပိဋကရွေးချယ်ရေး စာမေးပွဲကြီးတွင် ဒီဃနိကာယ်သုံးကျမ်း အာဂုံပြန်ဆိုပွဲကို အောင်မြင်တော်မူသဖြင့် ‘ဒီဃဘာဏက’ဘွဲ့တော်ကို ခံယူတော်မူမည့် ဟင်္သာတမြို့ ရွှေကျောင်းတိုက်မှ အရှင်သုခိန္ဒြိယအရှင်မြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၆ရက်(စနေနေ့) နံနက် ၈ နာရီတွင် အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများနှင့် အသင်းဝင်မဟုတ်သေးသော ဟင်္သာတသူ ဟင်္သာတသားများ တက်ရောက်ကြည်ညိုလှူဒါန်းကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးစိန်တင့် ဥက္ကဋ္ဌ ဖုန်း-၂၉၁၃၀၂၊ ဦးမျိုးဆွေ ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၈၄၇၃၄၊ ဦးသန်းဦး တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၉၄၄၉၈၊ ဦးလှကြည် ဘဏ္ဍာရေးမှူး ဖုန်း- ၅၃၄၅၄၈၊ ဒေါက်တာအောင်ဝင်းမောင် တွဲဖက်စည်းရုံးရေးမှူး ဖုန်း- ၂၉၆၄၁၄၊ ဒေါ်ညွန့်ညွန့် တွဲဖက်ဘဏ္ဍာရေးမှူး ဖုန်း-၂၄၅၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၉-၃-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“သောတပန် စိတ်ထား အင်္ဂါခုနစ်ပါး”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ဒုတိယနှစ်-စီးပွားရေး) Index Numbers
၅း၃၅ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရင်မှာတိုးဖော့မွှေးနေဆဲ”** (အပိုင်း-၁၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ Man U Vs Fulham

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ပြည်ပလေ့လာရေးခရီး အတွေ့အကြုံများရှင်းလင်းတင်ပြ

ရန်ကုန် မတ် ၁၈

နိုင်ငံ့ဝန်ထမ်းများအရည်အသွေး တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ ၂၀၀၄ (ရန်ကုန်)နှင့် ဆက်စပ်၍ ပြည်ပ သုံးနိုင်ငံသို့ လေ့လာရေးခရီး သွား ရောက်ခဲ့ကြသည့် ဝန်ကြီးဌာန အသီးသီးနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ၃၀ တို့၏ ပြည်ပလေ့လာရေးခရီး အတွေ့အကြုံများရှင်းလင်းတင်ပြသည့်အခမ်းအနားကို မတ် ၁၆ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေနှင့် ဦးလှမြင့်ဦး၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဗိုလ်မှူးကြီးအောင်ဆန်းဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ မလေးရှားနိုင်ငံသို့လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒုတိယဗိုလ်မှူးကြီး ညီညီစံနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီးစိန်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း ပြည်ပလေ့လာရေးခရီး အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး သဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်မှတ်ပေးအပ်

အမက(၂၇)အင်းစိန်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်းဆင့် ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၆ ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးစန်းက စတုတ္ထတန်းကျောင်းသူ မမေသက်ခိုင်အား လက်မှတ်ပေးအပ်စဉ်။

(က-ပ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အကြံပြုချက်စာတမ်းများ အမျိုးသားညီလာခံအစုအဖွဲ့များ ဆက်လက်ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၁၈

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းဖတ်ကြားသည့် အစည်းအဝေးတွင် အလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော က အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းဖတ်ကြားသည့် အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၂၉ဦးအနက် ကိုယ်စားလှယ်ပေါင်း ၂၈ဦးတို့ တက်ရောက်ကြသည့်အတွက် ၉၆ဒသမ၅၅ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ အကြံပြုချက်ကို ဦးစောသန်းအောင်နှင့် မန်းတင်မောင်(ခ)မန်းမျိုးညွန့်တို့ကလည်းကောင်း၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏အကြံပြုချက်စာတမ်းကို ဦးညီပလုပ်ကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြပြီး စာတမ်းများကို အလှည့်ကျသဘာပတိထံ ပေးအပ်ကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက် ၁၀နာရီ မိနစ်၂၀တွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၉ဦးရှိသည့်အနက် ၁၀၇ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၁၇ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာ၊ နိုင်ငံ့ဝန်ထမ်း တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုတို့နှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်သုံးဦးတို့က အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိ ဦးလှတင်က တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀နာရီ ၂၅မိနစ်တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို နံနက်၁၀နာရီ၄၅မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာမနန်တူးဂျာက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးအောင်ခမ်းထီနှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၄ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာမနန်တူးဂျာက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဦးမင်းအိမ်နှင့် ဦးခွန်တင်ထွဋ်တို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဒေါက်တာမနန်တူးဂျာက တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်း အစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဒေါက်တာမနန်တူးဂျာက အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။



ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၂၃)ဖြန့်ချိ

ရန်ကုန် မတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့်ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓာတ်ပုံ)**

အဆိုပါဂျာနယ်တွင် ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ကွန်ပျူတာ၊ ကြည်လင်း(ဆေး)၊ စိမ်းမြရည်(ပြန်/ဆက်)၊ လှိုင်မင်းအောင်(မကွေး)၊ ဦးလှမင်း(ဗဝတ)၊ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ သန်သီရိညွှန့်၊ ဝင်းနွယ်(သစ်တော)၊ သိပ္ပံစိုးမြင့်နိုင်၊ ဓာတ်ပုံမောင်မောင်အေးတို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ နဝမနေ့ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၈

နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီကကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ နဝမနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြိုင်ပွဲကိုကျင်းပရာ လသာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အလုံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အဆိုပါပြိုင်ပွဲကို မတ် ၁၉ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၃-၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
၇း၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၁၀ ၆။ တေးဂီတအစီအစဉ်
၈း၂၀ ၇။ နဂါးရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** အပိုင်း(၂၀)
၁၃း၂၀ ၇။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၁၃း၃၀ ၈။ **"ဘေးလူစကား နားထောင်ပြားက"** ကျော်သူ၊ ပြည်ခန့်၊ စုံမက်နှင်း၊ မေသူ၊ စောနိုင်(ရှမ်းပြည်) (ဒါရိုက်တာ-သက်တင်)
၁၄း၁၀ ၉။ ဆွေးနွေးဖွေရှာကွန်ပျူတာနည်းပညာ (အပိုင်း-၁)
၁၄း၂၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄း၃၅ ၁၁။ ကံတင်ဘီးလင်း ရေလှောင်တမံ
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
၁၇း၃၀ ၇။ နားဝင်ပီယံသူ့လက်သံ
၁၇း၃၅ ၈။ တေးဂီတအစီအစဉ်
၁၇း၅၀ ၉။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇း၅၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၂၀ ၁၁။ တေးဂီတအစီအစဉ်
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ Discovery
၁၉း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၇)
၁၉း၃၀ ၁၆။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၀ ၁၇။ အမျိုးသား ညီလာခံဂုဏ်ပြုတေး
၁၉း၅၀ ၁၈။ တစ်မျိုးသားလုံးအရေး တစ်မျိုးသားလုံး အကျိုးစီးပွားကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** အပိုင်း(၂၇)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

စစ်သမိုင်းပြတိုက်ရှိ ဝန်ကြီးဌာနပြခန်းများ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်နေသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းပြခန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြခန်းနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

(အောက်ပုံ)(သတင်းစဉ်)

ကျိုက်ဒေးယျုံဓမ္မဒူတခရီး

ရန်ကုန် မတ် ၁၈

သန်လျင်မြို့ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ကျိုက်ဒေးယျုံ အရှင်ဥတ္တရ ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိကသည် မတ် ၃၀ နှင့် ၃၁ရက် သံတွဲမြို့ ငါးကျော်တောင်ရပ်၊ ဧပြီ ၁ရက်နှင့်၂ရက် မြောက်ဦးမြို့ ဗန္ဓုလကျောင်း ဇမ္ဗူအေးရွှေဆိုင် မိသားစု(ရန်ကုန်) ရှင်ပြုအလှူပွဲ၌ လည်းကောင်း၊ ၈ရက်မှ ၁၇ရက် အထိ ကျိုက်ဒေးယျုံတရားစခန်းပွဲ၌ လည်းကောင်း၊ ၂၇ရက်မှ မေ ၂ရက် အထိ လပွတ္တာမြို့နယ် ပိုးလောင်းကြီး ဗုဒ္ဓပူဇနိယ-စုပေါင်း ရဟန်းခံ ရှင်ပြုပွဲတို့၌လည်းကောင်း ဟောကြားမည်ဟုသိရသည်။

(က-ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းထပ်ဆင့်လွှင့်စက်ရုံ ရုပ်သံအစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် မတ် ၁၈

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် မတ် ၁၃ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း ၇ ဖြင့် ၂၀၀၅ ခုနှစ် မတ်၁၄ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ကြမည့် စစ်ရေးပြစစ်ကြောင်းများ(တပ်ပါ) ချီတက်လေ့ကျင့်မှု စစ်ဆေး

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန်(တပ်ပါ) ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရောက်ရှိလာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက်၆နာရီတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့သည် မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့၏(တပ်ပါ) စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ နံနက်၈နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၈

မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် သန္တာ(၁၇)လမ်းရှိ အောင်မင်္ဂလာ ဓမ္မရိပ်သာကျောင်း မိုးကုတ်ဌာနခွဲ အမှတ်(၄၁၄)တွင် သင်္ကြန်တွင်း ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောင်မင်္ဂလာ ဓမ္မရိပ်သာကျောင်း ပဓာနနာယက မြို့နယ်သံဃ နာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ အရှင်သူမြတ်နှင့် အောင်မင်္ဂလာ အရှင်ပဏ္ဍိတ (ဓမ္မာစရိယ)တို့က ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၄၄၅ သို့ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊အမှတ်(၄)ဖြန့်ချိ

ရန်ကုန် မတ် ၁၈

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ သျှင်ပညာဇောတ၊ လှထူး(မြိုင်)၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဦးအောင်ကျော်ကျော်ဦး(ဘုတ်ပြင်း)၊ ဝါဝါစန်း(ပညာရေး)၊ သိန်းအောင်ဦး (ညောင်လေးပင်)၊ မောင်ကျန်းမာ (မကြီးကုန်းကြီး)၊ မောင်ကောင်းယဉ်၊ ခင်ဇော်(ဓာတ်ပုံ)၊ ဒေါက်တာခင်ဆွေဝင်း၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်အေးထွန်း(ရင်ခုန်သံ)၊ မရွှေချစ်(လယ်ကိုင်း)၊ ထက်ကောင်းလတ်(မင်းဘူး)၊ ကြည်လင်း(ဆေး)၊ အဝါ(ဇီးကုန်း)၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ ဝင်းနွယ်(သစ်တော)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ညိုမင်းဟန်၊ အေးမော်(ဂုဏ်၊ဓာတ်ပုံ)တို့၏ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ဗေဒင်၊ စိုက်ပျိုးရေး မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့ ဂုဏ်ပြု အသင်းဝင်များသွေးလှူဒါန်း

ရန်ကုန် မတ် ၁၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများ အသုံးပြုရန် ရန်ကုန်မြောက်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သွေးအလှူရှင် ၆၀တို့၏ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းနှင့် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်ဦးတို့က သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးကြီးထွန်းထွန်းက သွေးလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၁၁ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၈) ၂၀၀၄-၂၀၀၅ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားတွင် နှစ်နှစ်ဆက်တိုက်သိပ္ပံပထမဆုရရှိသော မခင်ဇူလိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် ၁၇၃/၁၇၅ ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် အထူးဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်သင်ကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယခုပို့ချခဲ့သော သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးနှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များကို ပေါက်မြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက "ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် Pro-Government များအဖြစ် စွမ်းဆောင်ရည် မြင့်မားနေရန်ဖြစ်ကြောင်း" မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေး ဝန်ထမ်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤသင်တန်းမှ ပို့ချလိုက်သောပညာရပ်များအပေါ်အခြေပြု၍ မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်ကြရန်၊ ပြည်သူတို့အား မှန်ကန်စွာ စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (အရာရှိ) အမှတ်စဉ် (၁/၂၀၀၅) သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် တုံးတာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး အားဖျေ့(ခေါ်) ဦးအေးမောင်ထံ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းထူးချွန် ပထမဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဒုတိယဦးစီးမှူး ဒေါ်ညွှန့်ညွှန့်စိန်၊ ထူးချွန်ဒုတိယဆုရ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်လဲ့ဝါမြင့်နှင့် ထူးချွန်တတိယဆုရ မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင် **(အပေါ်ယာပုံ)**တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းတွင်ပို့ချခဲ့ကြသော သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)အား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ **(သတင်းစဉ်)**

တောင်ကြီးစက်မှုလက်မှုအထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၈

တောင်ကြီးမြို့ စက်မှုလက်မှု အထကကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၂ရက်(စနေနေ့)တွင် တောင်ကြီးမြို့ကုန်းသာယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများသည် ဆရာဦးကျော်ချွန်(အငြိမ်းစား)တောင်ကြီး ဖုန်း- ၀၈၁-၂၂၉၉၆၊ ဆရာဦးသောင်းထွန်း(အငြိမ်းစား)ရန်ကုန် ဖုန်း-၀၁-၇၂၂၅၇၁နှင့် ဆရာဦးစိန်မောင်(အငြိမ်းစား)ရန်ကုန် ဖုန်း-၀၁-၇၀၀၁၉၈ တို့သို့ ဆက်သွယ်နိုင်သည်။

အလှူငွေများကို ဦးစိုးညွှန့်(တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၁၅(အိမ်)၊၀၈၁-၂၁၁၂၅(ရုံး)၊ ဦးတင်အောင်(တောင်ကြီး) ဖုန်း-၀၈၁-၂၁၅၂၁၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း-၀၁-၂၉၅၁၇၆၊ ဦးညိုမင်းဒင်(ရန်ကုန်) ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇၊ ဒေါ်စန်းစန်းမြင့် (ရန်ကုန်) ဖုန်း-၀၁-၆၄၂၅၄၂၊ ဦးအေးဝင်း(မန္တလေး) ဖုန်း-၀၂-၃၁၄၅၄၊ ဦးအောင်မြင့်သိန်း(ပခုက္ကူ) ဖုန်း- ၀၆၂-၂၂၆၆၇၊ ဦးစိုင်းထွန်းလှ ဖုန်း- ၀၂-၃၉၁၆၆နှင့် ဦးထွန်းအောင်ကျော် ဖုန်း-၀၈၁-၂၁၁၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ပဲမျိုးစုံ တိုးတက်တင်ပို့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှသည်

မောင်ပီတိ

ကမ္ဘာ့ပဲမျိုးစုံထုတ်လုပ်မှု ၄၅ ရာခိုင်နှုန်းကို အာရှတိုက်မှ ထုတ်လုပ်သည်ဟု ကမ္ဘာ့မှတ်တမ်းများက ဖော်ပြထားကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ထုတ်ပြန်သော စာရင်းဇယားများအရ ၂၀၀၃ခုနှစ်တွင် ပဲမျိုးစုံသီးနှံ မက်ထရစ်တန်ချိန် ၂၁သမ၈ သန်း ထုတ်လုပ်ခဲ့သည်ဟု ဆိုပါသည်။ လောလောဆယ် ကမ္ဘာ့ပဲဈေးကွက်တွင် ကနေဒါနိုင်ငံသည် ပဲအများဆုံးတင်ပို့ရောင်းချနေသော ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံသည် ဒုတိယအများဆုံးတင်ပို့သည့် နိုင်ငံနေရာတွင် ရောက်ရှိနေပါသည်။ ပြည်ပပို့ကုန်အတွက် အားထားရသော ပဲမျိုးစုံသီးနှံကို၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်တွင် ဟက်တာပေါင်း ၃ဒသမ၃၉ သန်း စိုက်ပျိုးခဲ့ပြီး မက်ထရစ်တန်ချိန် ၃ ဒသမ ၁သန်းထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းဇယားများအရ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း ပဲမျိုးစုံ စုစုပေါင်းဟက်တာ ၃ ဒသမ ၄၈သန်း စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းထားပြီး ပဲအထွက်ပမာဏပေါင်းကို မက်ထရစ် တန်ချိန် ၃ ဒသမ ၄သန်းခန့် ထွက်ရှိလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံတွင် ပြည်ပဈေးကွက်ဝင်ပြီး အဓိက စိုက်ပျိုးထုတ်လုပ်သည့် ပဲသုံးမျိုးမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ ဖြစ်ကြသည်။ ၎င်းအပြင် ပဲပုပ်၊ ကုလားပဲ၊ ပဲလွမ်းစသည်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိနေကြပါသည်။ ယခင်က ဈေးကွက်ကောင်းများရခဲ့ပြီး ယခုဈေးကွက်ပျောက်နေသော ပဲအမျိုးအစားများအဖြစ် ထောပတ်ပဲ၊ စွန်တာနီ၊စွန်တာပြာစသည်တို့ကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့ကြရပြီးဖြစ်ပါသည်။ မြန်မာ့ပဲဈေးကွက်မြှင့်တင်နိုင်ရေးအတွက် အဓိက ပဲသုံးမျိုးသာမက နိုင်ငံခြားဈေးကွက် အလားအလာကောင်းမည့် အခြားမြန်မာ့ရေမြေထွက် ပဲအမျိုးအစားများကိုလည်း လေ့လာဖော်ထုတ်ပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်သွားကြရန် အချိန်အခါကောင်းလည်းဖြစ်ပါသည်။ နိုင်ငံခြားဈေးကွက်က လက်ခံနိုင်မည့် နိုင်ငံခြားအကြိုက်ပဲအမျိုးအစားများ ထုတ်လုပ်တင်ပို့ရောင်းချသွားကြဖို့ဖြစ်ပါသည်။

ပဲကိုပဲအတိုင်း ကုန်ကြမ်းအဖြစ် ရောင်းချတင်ပို့သည့်ပုံစံမျိုးသာမက ပဲမျိုးစုံပြုပြင်ထုတ်လုပ်သည့် အပိုင်းကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ကိုင်သွားကြရန်လိုအပ်နေပါသည်။ သမားရိုးကျသန့်စင်စက်၊ အဆင့်ခွဲခြားစက်များရှိနေရုံ၊ လုပ်ငန်းဖြစ်ရုံဖြင့် ကျေနပ်နှစ်သိမ့်မနေကြဘဲ တန်ဖိုးမြှင့်ပို့ကုန်များထုတ်လုပ်ပေးနိုင်သည့် စက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း တစ်ဖက်မှ အလေးပေး ဆောင်ရွက်သွားရန် အထူးလိုအပ်လျက်ရှိနေပေသည်။ ပဲမျိုးစုံကိုအခြေခံပြီး အသင့်စားစရာများထုတ်လုပ်ခြင်း၊ အခွံချွတ် ခွဲခြမ်းများအဖြစ် တင်ပို့ခြင်း၊ ဆွဲဆောင်မှုရှိပြီး စနစ်ကျနသော ထုပ်ပိုးမှုစနစ်များဖြင့် တင်ပို့ရောင်းချခြင်းစသည်ဖြင့် တီထွင်ကြံဆသည့် အတွေးများဖြင့် ပေါင်းစပ်ကာ လုပ်ငန်းများ ချဲ့ထွင်လုပ်ဆောင်သွားဖို့လည်း လိုအပ်နေပါသည်။

မြန်မာ့ပဲမျိုးစုံဈေးကွက်အနေဖြင့် အိန္ဒိယနိုင်ငံသည် အဓိကဝယ်ယူနေသည့် နိုင်ငံဖြစ်ပြီး မြန်မာ့ပဲမျိုးစုံပို့ကုန်၏ ၇၀ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံက ဝယ်ယူနေခြင်းဖြစ်ပါသည်။ **အိန္ဒိယနိုင်ငံ၏ ဈေးကွက်တစ်ခုတည်းကို အဓိကမှီခိုနေရသည့် အခြေအနေမှ အခြားအခြားသော ကမ္ဘာ့နိုင်ငံဈေးကွက်များသို့လည်း ဈေးကွက်သစ်များရရှိရေးအတွက် စမ်းသပ်ထိုးဖောက်ကြည့်ကြရန် အခြေအနေများလည်း ပေးလျက်ရှိ**နေပါသည်။ ရရှိလာသော အခြေအနေကောင်းကို အမိအရ အသုံးချကြဖို့ လိုအပ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့အနေဖြင့်၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၈ရက် နံနက်၈နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဥ္စမထပ်ရှိ ညီလာခံခန်းမတွင် မြန်မာ့ပဲမျိုးစုံ ထုတ်ကုန်တိုးတက်တင်ပို့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ် ခဲ့ပါသည်။ အဆိုပါမြန်မာ့ပဲမျိုးစုံအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ပဲမျိုးစုံပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာ့ပဲမျိုးစုံ ဝယ်ယူနေသည့် နိုင်ငံခြားကုမ္ပဏီများ၊ စက်မှုကုန်ထုတ်အသင်း၊ ရန်ကုန် စက်မှုဇုန်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်ပါမောက္ခကြီးများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ သမဝါယမပို့ကုန်/သွင်းကုန်လုပ်ငန်း၊ ပဲကုန်သည်လောကမှ အတွေ့အကြုံပညာရှင်ကြီးများ၊ စာနယ်ဇင်း မီဒီယာများကို တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့ရာ စုစုပေါင်း ၈၀ခန့် တက်ရောက်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အဓိကစာတမ်း လေးစောင် ဖတ်ကြားတင်ပြခဲ့ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာဦးအောင်ရွှေက "ပဲမျိုးစုံမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး" (Variety Improvement & Seed Production of Pulses) စာတမ်းကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ အင်ဂျင်နီယာချုပ် ဦးနီပေါက "တန်ဖိုးမြှင့်ပို့ကုန်ပဲမျိုးစုံ ပြုပြင်ထုတ်လုပ်ရေးစက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေး တင်ပြခြင်း"စာတမ်းကိုလည်းကောင်း၊ e-Trade Myanmar Co.,Ltdမှဒါရိုက်တာဦးထွန်းထွန်းနိုင်က "မြန်မာ့ပဲမျိုးစုံသီးနှံများ၏ ဈေးကွက်သတင်း အချက်အလက်" (Market Information for Myanmar Pulses & Beans) စာတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်က "မြန်မာ့ပဲမျိုးစုံ ဈေးကွက်ချဲ့ထွင် တင်ပို့ရေး" (Market Extension) စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်ပြသွားခဲ့ပါသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာဦးအောင်ရွှေက မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသော ယေဘုယျပဲအမျိုးအစားများ၊ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ပုံ၊ ပဲအဓိကနယ်မြေများနှင့် အထွက်၊ မိုးပဲနှင့် ဆောင်းပဲစိုက်ဧရိယာနှင့် အထွက်များ၊ ပြည်ပပို့ကုန်တန်းဝင် ပဲအမျိုးအစားများ၊ ပြည်တွင်း မတ်ပဲအမျိုးအစားများနှင့် စိုက်ပျိုးထုတ်လုပ်မှုများ၊ ပြည်တွင်း ပဲတီစိမ်းအမျိုးအစားများနှင့် စိုက်ပျိုးထုတ်လုပ်မှုများ၊ ကုလားပဲအမျိုးအစားသစ်များနှင့် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ ပဲမျိုးစုံတင်ပို့ရောင်းချနေသော ကမ္ဘာ့နိုင်ငံကြီးများ ပဲပုပ်နှင့် စိုက်ပျိုးထုတ်လုပ်မှုများ၊ ပဲပုပ်စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များ၊ ပဲပုပ်စိုက်ပျိုးထုတ်လုပ်သော အဓိကကမ္ဘာ့နိုင်ငံများနှင့် ပြည်ပတင်ပို့နေမှုများ၊ အာဆီယံနိုင်ငံများအတွင်း ပဲပုပ်စိုက်ပျိုးထုတ်လုပ်နေမှုများ၊ ပဲမျိုးဖွံ့ဖြိုးရေး၊ ပဲမျိုးစမ်းသပ်စစ်ဆေးနည်း၊ မျိုးဖြန့်ခြင်း၊ ပဲမျိုးစုံသီးနှံအမျိုးမျိုးတို့၏ ယေဘုယျလက္ခဏာများ၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ပဲမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး ဆိုင်ရာ အစီအစဉ်များစသည်တို့ကို ပါဝါပွိုင့် ဇယား၊ ကိန်းဂဏန်းများဖြင့် စုံလင်စွာ ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ အင်ဂျင်နီယာချုပ် ဦးနီပေါက ၁၉၈၈မတိုင်မီနှင့် နောက်ပိုင်း မြန်မာ့ပဲမျိုးစုံတင်ပို့ရောင်းချရမှုအခြေ

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းအောင်က ကမ္ဘာ့ပဲမျိုးစုံ နှစ်အလိုက်စိုက်ပျိုးထုတ်လုပ်မှု၊ အာဆီယံနှင့် အာဆီယံ+၃နိုင်ငံများ၏ ပဲမျိုးစုံနှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းများ၊ မြန်မာနိုင်ငံ၏ ပဲမျိုးစုံသီးနှံထုတ်လုပ်နေမှုအခြေအနေများ၊ ၁၉၈၈ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ပဲမျိုးစုံ ပိုမိုစိုက်ပျိုးထုတ်လုပ်လာမှုနှင့် ပြည်ပသို့ တိုးတက်တင်ပို့လာမှုများ၊ မြန်မာ့ပဲ ပြည်ပဈေးကွက်အနေအထား၊ အာရှတိုက်မှ ပဲဝယ်နိုင်ငံများ၏ နှစ်အလိုက် ဝယ်ယူတင်သွင်းမှု၊ အိန္ဒိယနိုင်ငံ၏ ပဲစိုက်ဧရိယာ၊ ထုတ်လုပ်မှုနှင့် အထွက်နှုန်းများ၊ အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံသီးနှံ နှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှု၊ မြန်မာ့ပဲသီးနှံနှင့် အိန္ဒိယဈေးကွက် ဆက်နွှယ်မှု၊ ဂျပန်ဈေးကွက်မှ နှစ်အလိုက် ပဲမျိုးစုံသီးနှံ ဝယ်ယူတင်သွင်းမှုများ နှင့် ဝယ်ယူဈေးနှုန်းများ၊ တရုတ်ဈေးကွက်မှ ပြည်ပတင်ပို့ရောင်းချနေသော ပဲအမျိုးအစားများ၊ ကမ္ဘာ့ပဲဈေးကွက်ဝေစု ထိန်းသိမ်းမြှင့်တင် နိုင်ရေးအတွက် အကြံပြုတင်ပြချက်၊ အလားအလာရှိသော ပို့ကုန်ပဲမျိုးစုံနှင့် ဈေးကွက်များ၊ အလားအလာရှိသော ပဲပို့ကုန်အမယ်သစ်များ စသည်တို့ကို ပါဝါပွိုင့်များဖြင့် ဇယား၊ ဂရပ်ဖစ်များဖြင့် လုပ်ငန်းရှင်များရှုထောင့်မှ စုံလင်စွာ ရှင်းလင်းတင်ပြ သွားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးချက်များအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးပဲတင်ပို့သည့်နိုင်ငံနေရာတွင် ရပ်တည်နေသော်ငြား မြန်မာ့ပဲအထွက်နှုန်းများသည် ကနေဒါ၊ သြစတြေးလျစသည့် နိုင်ငံများနှင့်ယှဉ်လျှင် နိမ့်ကျနေဆဲဖြစ်ကြောင်း တွေ့ရှိကြရပါသည်။ သို့အတွက် ပြည်တွင်း ကာလဒေသနှင့်ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိစစ်ပြီး စိုက်ပျိုးထုတ်လုပ်သွားရန် အထူးလိုအပ်လျက်ရှိပါသည်။ ရေ၊ မြေ၊ ရာသီဥတု မတူညီသည့် ဇုန်များဖြစ်ကြသည့် မိုးများသည့်အောက်မြန်မာပြည်၊ မိုးနည်းခြောက်သွေ့သည့် အလယ်ပိုင်းဒေသ၊ မိုးများပြီး အေးမြသော ရှမ်းပြည်နယ်တောင်တန်းဒေသများ အများစုတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာမှာ မျိုး၊ မြေသြဇာ၊ စိုက်ပျိုးနည်းစနစ်၊ ရာသီဥတုစသည်တို့ကို စနစ်တကျ သုံးသပ်ကာ ရွေးချယ်စိုက်ပျိုးသွားမည်ဆိုပါက ကမ္ဘာ့ပဲမျိုးစုံဈေးကွက်တွင် မြန်မာ့ပဲ အမျိုးအစားများ ဈေးကွက်ဝေစု ရရှိလာနိုင်စရာအကြောင်းများလည်း ရှိနေပါသည်။

မြန်မာ့ပို့ကုန်များ၏အချိုးကိုနှစ်အလိုက်လေ့လာကြည့်ပါက ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ပဲမျိုးစုံတင်ပို့မှုအချိုးသည် ၈ ရာခိုင်နှုန်းနှင့် ၂၀၀၃-၂၀၀၄တွင် ၁၁ ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရပါသည်။ သို့သော် တင်ပို့မှု များပင်များလာသော်ငြား ပဲမျိုးစုံပြည်ပတင်ပို့မှုမှရရှိလာသော ဝင်ငွေမှာမူ ထင်သလောက်တိုးတက်မလာသေးကြောင်း တွေ့ရှိရရာ တင်ပို့မှုပမာဏ တိုးမြင့်လာသလို နိုင်ငံခြားဝင်ငွေရရှိမှု တိုးတက်လာရေးကိုလည်း ဘက်ပေါင်းစုံမှ ကြိုးစားသင့်ပါကြောင်း တွေ့ရှိရပါသည်။ မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့ရေးတွင် အခက်အခဲ၊ အဟန့်အတား

> **အိန္ဒိယနိုင်ငံ၏ ဈေးကွက်တစ်ခုတည်းကို အဓိကမှီခိုနေရသည့် အခြေအနေမှ အခြားအခြားသော ကမ္ဘာ့နိုင်ငံဈေးကွက်များသို့လည်း ဈေးကွက်သစ်များရရှိရေးအတွက် စမ်းသပ်ထိုးဖောက်ကြည့်ကြရန် အခြေအနေများလည်း ပေးလျက်ရှိ။**

အနေများ၊ မြန်မာ့ပဲမျိုးစုံအခေါ်အဝေါ် သုံးစွဲမှုများ၊ မြန်မာ့ပဲမျိုးစုံသီးနှံ၏ စံချိန်စံညွှန်းများ၊ အရည်အသွေးမြင့် ဈေးကွက် (Quality Market) သို့ တင်ပို့ရောင်းချခြင်း၊ တန်ဖိုးမြှင့် (Value Added) လုပ်ဆောင်၍ တင်ပို့ရောင်းချခြင်း၊ ခေတ်မီပဲစက်များ၊ တန်ဖိုးမြှင့်ပို့ကုန်ပဲမျိုးစုံ ပြုပြင်ထုတ်လုပ်ရေးစက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုသုံးသပ်ချက် စသည်တို့ကို ပါဝါပွိုင့်၊ ရုပ်ပုံ၊ ကားချပ်၊ ဇယား၊ ကိန်းဂဏန်းများဖြင့် အင်ဂျင်နီယာရှုထောင့်၊ ပို့ကုန်လုပ်ငန်းရှုထောင့်မှ စုံလင်စွာ ရှင်းလင်းတင်ပြ သွားခဲ့ပါသည်။

e-Trade Myanmar Co.,Ltd. မှ ဒါရိုက်တာ ဦးထွန်းထွန်းနိုင်က ကုမ္ပဏီ၏ နောက်ခံသမိုင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်တွင်း ပြည်ပ ဈေးကွက်ဆိုင်ရာ လေ့လာစုဆောင်းထားမှုများ၊ မြန်မာ့ပဲမျိုးစုံထုတ်ကုန် တိုးတက်တင်ပို့ရေးဆိုင်ရာကဏ္ဍတွင် အိုင်စီတီပိုင်းမှ ဝင်ရောက်ကူညီပံ့ပိုးပေးနိုင်မည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဝန်ဆောင်ခနှုန်းထားများ၊ ပြည်ပတင်ပို့ရောင်းချရေးတွင် ဈေးကွက်သတင်းအချက်အလက်များ အရေးကြီးပုံနှင့် ရယူစုဆောင်းပုံများ၊ ဆောင်ရွက်ပေးစေလိုသည့် ဈေးကွက်သတင်းဆိုင်ရာ အိုင်စီတီဝန်ဆောင်မှုများစသည်တို့ကို ပါဝါပွိုင့်များဖြင့် အိုင်စီတီရှုထောင့်မှ စုံလင်စွာ ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

များဖြစ်နေသေးသော ပဲအရည်အသွေး ကောင်းမွန်ရေး၊ ဈေးကွက်ကောင်းရရှိရေး၊ ဈေးကောင်းရရှိရေး၊ ပြည်ပဈေးကွက်ဝင်မည့် ပဲအမျိုးအစားသစ်များ ဖော်ထုတ်ရေးနှင့် နိုင်ငံခြားဈေးကွက်ဝင်ရေး ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ချိပေးရေး၊ ပဲအရွယ်အစားခွဲခြားစက်များတွင် မရှိမဖြစ် လုပ်ငန်းလိုအပ်ချက်ဖြစ်သော ဆန်ခါများကို ပြည်တွင်း၌ပင် တီထွင်ထုတ်လုပ်နိုင်ရေး၊ ပဲမျိုးကောင်းမျိုးသန့်များထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများ ပေါ်ပေါက်ဖြစ်ထွန်းလာရေး၊ ယခင်ဈေးကွက်ရရှိခဲ့ပြီးသည့် မြန်မာ့ပဲများ ဈေးကွက်လျော့နည်းလာရခြင်းကို သုတေသနပြုလေ့လာနိုင်ရေး၊ လုပ်ငန်းဆက်စပ်သည့် ဌာနပေါင်းစုံပါဝင်သော ပဲမျိုးစုံလုပ်ငန်းတိုးတက်ရေး ကော်မတီဖွဲ့စည်းနိုင်ရေးဟူသော အချက်များဆက်လက်ကြိုးစား လုပ်ဆောင်သင့်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြရပါသည်။ သို့ပါ၍ မြန်မာ့ပဲမျိုးစုံပြည်ပသို့ တိုးတက်တင်ပို့နိုင်ရေးအတွက် ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးရုံအဆင့်ဖြင့် ရပ်တည်မနေသင့်ဘဲ မြန်မာ့ပဲမျိုးစုံတိုးတက်တင်ပို့နိုင်ရေးအတွက် ပေါ်ထွက်လာသော လုပ်ဆောင်ရန်ကိစ္စများကို ဘက်စုံကဏ္ဍစုံမှ အလေးထား ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တစ်မျိုးသားလုံးအကျိုးအတွက် တိုက်တွန်းရေးသားအပ်ပါသည်။ ။

အလုံမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၃) မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲနှင့် ၂၀၀၄-၂၀၀၅ခု မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၁ ရက်က ကျင်းပရာ စတုတ္ထတန်းမှ မောင်အောင်ဘိုဘိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

ချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခု ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးတင့်လွင်က တတိယတန်းတွင် လူမှုရေးဘာသာထူးချွန်ဆုရ မရှုမငြိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်
ကုလားပြင်ကျေးရွာ၊ မဟာဗောဓိဝိဟာရကျောင်း
ဆရာတော်အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဘဒ္ဒန္တ တေဇိန္ဒ ၏

ထေရုပ္ပတ္တိအကျဉ်း

ဘွဲ့တော်နှင့်အသက်၊သိက္ခာ၊ဂိုဏ်း

ဘဒ္ဒန္တ တေဇိန္ဒ၊ သက်တော်(၉၆)နှစ်၊သိက္ခာတော်(၇၇)ဝါ၊ သုဓမ္မာဂိုဏ်း

ကျောင်းတိုက်

မဟာဗောဓိဝိဟာရကျောင်းတိုက်

မွေးသက္ကရာဇ်

၁၂၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်၊ စနေနေ့

ခမည်းတော်၊မယ်တော်တို့၏အမည်နှင့်ဇာတိရပ်ရွာ

ဦးရွှေဆန်း-ဒေါ်နီ၊ တိမ်ညိုရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။

ရှင်ရဟန်းပြုခြင်း

အသက်(၁၂)နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရွာဦးကျောင်းဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၈၉ ခုနှစ် ကဆုန်လပြည့်(စနေနေ့)တွင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

စာပေသင်ယူခြင်း

ဆရာတော်သည် ရဟန်းတစ်ဝါအရတွင် ပခုက္ကူမြို့ အရှေ့တိုက်ဆရာတော် ဘဒ္ဒန္တ ဇဝန(အဂ္ဂမဟာပဏ္ဍိတ)ထံတွင်လည်းကောင်း၊ မန္တလေးမြို့ မိုးကောင်း တိုက်ဆရာတော် ဘဒ္ဒန္တ ရေဝတ(အဘိဓဇမဟာရဋ္ဌဂုရု)ထံတွင်လည်းကောင်း၊ မန္တလေးမြို့ ခင်မကန်တိုက်ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ ထံတွင်လည်းကောင်း ပါဠိတော်၊အဋ္ဌကထာ၊ ဋီကာစသော ပရိယတ္တိစာပေများကို ဆရာနည်းကျကျလေ့လာဆည်းပူးသင်ယူခဲ့ပါသည်။

သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်သည် ပရိယတ္တိဂန္ထဓုရကို လေ့လာဆည်းပူးခဲ့ပြီး ဝိပဿနာဓုရကို လေ့လာပွားများအားထုတ်လိုသော သမ္မာဆန္ဒအာသီပြင်းပြလာသဖြင့် မုံရွာမြို့ မဟာလယ်တီကျောင်းတွင် လယ်တီဆရာတော်ဘုရားကြီး၏ အာနာပါန ဝိပဿနာရှုနည်းကို ပထမကျော် ဦးကောဝိဒနည်းဖြင့် ပွားများအားထုတ်ခြင်း၊ ထိုကဲ့သို့ ဝိပဿနာဓုရ အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ခဲ့ရာ ကမ္မဋ္ဌာန်းတရား၌သာ ပိုမိုစိတ်အားထက်သန်လာသည်နှင့် အမျှ စိတ်ဆန္ဒတွင် ဖြစ်ပေါ်လာသည်မှာ ယခုသီတင်းသုံးနေထိုင်ရာ မဟာလယ်တီတိုက်အတွင်း၌သာ အားမထုတ်လိုဘဲ ဆိတ်ငြိမ်ရာအရပ်တွင် တောရဆောက်တည်ပြီး ကမ္မဋ္ဌာန်းဘာဝနာကို ဓုတင်နှင့်တကွ ပွားများအားထုတ်လိုသော သမ္မာဆန္ဒ ဖြစ်ပေါ်လာခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်သည် မိမိနှင့်သင့်လျော်လျောက်ပတ်မည့် အရပ်ဒေသကို လေ့လာသုံးသပ်ခဲ့ရာ မူလကပင် ဆက်သွယ်ရင်းရှိခဲ့သော ဂွမြို့နယ်တွင် ကျိန္တလီမြစ်ကူးတံတားမှ တစ်နေ့တာခရီးသွားရသော အရပ်ဒေသကို တောရဆောက်တည်ရန် ရည်ရွယ်ခဲ့ပေသည်။ဂွမြို့နယ်သို့ ရဟန်း(၁၁)ဝါ၊ (၁၂)ဝါခန့်တွင် ပြန်လည်ကြွရောက်လာပြီး ဂွမြို့နယ် ကြေချိုင်ကျေးရွာတွင် သီတင်းသုံးနေထိုင်ခဲ့ရာ ဝါတွင်းမှအပ ဆောင်းနှင့်နွေဥတုတို့တွင် ပတ်ဝန်းကျင်တောတောင်များ၌ ဝိပဿနာဓုရကို ဓုတင်လေးပါးနှင့်တကွ ပွားများအားထုတ်ခဲ့သည်။ ဓုတင်လေးပါးမှာ (၁)သပဒါနစာရိကဓုတင်၊ (၂)ကောသနိကဓုတင်၊ (၃)ပတ္တပိဏ္ဍိကဓုတင်၊ (၄)ရုက္ခမူလိကဓုတင်တို့ ဖြစ်ပါသည်။ အရညဝါသီ တောရ ဆောက်တည်သော ဓုတင်သည် ဥက္ကဋ္ဌ၊ မဇ္ဈိမဒုံ သုံးပါးရှိရာ မဇ္ဈိမပုဂ္ဂိုလ်အဖြစ် အာရညကဓုတင်လေးပါးကို အာနာပါနကမ္မဋ္ဌာန်းနှင့်တကွ ပွားများကျင့်ကြံ အားထုတ်ခဲ့ပါသည်။

ရဟန်းရှင်လူတို့၏ကြည်ညိုလေးစားမှု

ဆရာတော်သည် ဓုတင်လေးပါးကို မပျက်စေဘဲ ဝိပဿနာဓုရကို ထက်သန်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပွားများအားထုတ်ခဲ့ခြင်း၊ ဒကာ၊ ဒကာမများအပေါ် လူတန်းစားမခွဲခြားဘဲ တန်းတူညီတူသဘောထားကာ ဆုံးမသြဝါဒပေးခြင်း၊ အလိုနည်းခြင်း၊ ရသတဏှာကိုပယ်ခြင်း၊ ဆိတ်ငြိမ်ရာအရပ်ကိုအလိုရှိခြင်းစသော သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ကမ္မဋ္ဌာန နယဒေသကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့သော ဂုဏ်အရည်အသွေးများကြောင့် ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၉၉)ဖြင့် ဆရာတော်သည် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူပါသည်။

ဘဝနတ်နန်းစံမြန်းတော်မူခြင်း

မဟာဗောဓိဝိဟာရကျောင်း ပဓာနနာယကသက်တော်ရှည် ဆရာတော်ဘုရားကြီးသည် ဘုရားရဟန္တာတို့သော်မှ ရှောင်လွှဲမရနိုင်သည့် အနိစ္စသဘောကြောင့် (၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၆ ရက်)၁၅-၃-၂၀၀၅ ရက် (အင်္ဂါနေ့)နံနက် ၀၉း၀၀နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူပါသဖြင့် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို (တပေါင်းလပြည့်) ၂၄-၃-၂၀၀၅ ရက်(ကြာသပတေးနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာများမှ ဘွဲ့ခံသံဃာတော်များ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၅)၊ (၂/၂၀၀၅)တို့ဖြင့် ဇန်နဝါရီ ၄ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော မဟာစည်သာသနာ့ရိပ်သာများမှ သံဃာတော်အရှင်သူမြတ် ၁၅ပါးနှင့် သာသနာ့ဒါယကာ၊ ဒါယိကာမလေးဦးတို့အား ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့က စုပေါင်း၍ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ် ၁၆ရှိ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကြွရောက် ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စိတ်ပိုင်းဆိုင်ရာတိုးတက်မြင့်မားရေးအားကစားစိတ်ဓာတ်အခြေခံကျ နွေရာသီအခြေခံအားကစားသင်တန်းများအရှိန်အဟုန်မြှင့်တင်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်သည့် ၂၀၀၅ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းများကို ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ သင်တန်းသားများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေး၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှု ရရှိစေရေးတို့သည် အားကစား စိတ်ဓာတ်သည်အခြေခံအကျဆုံးဖြစ်ကြောင်း၊ ယခုကဲ့သို့ နွေရာသီအခြေခံ အားကစားသင်တန်းများကိုအရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ကြမည်ဆိုလျှင် အားကစားနည်းအလိုက် မျိုးဆက်သစ်များရရှိနိုင်သကဲ့သို့ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ပညာထက်မြက်သော လူငယ်လူရွယ်များဖြစ်လာနိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်မည့် လူကောင်း လူတော်များ တိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားကာ သင်တန်းများကိုဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ သင်တန်းသားများ အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီး မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ဂျူဒိုအားကစားနည်းများဖြင့် သရုပ်ပြကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်သင်ကြား

၂၀၀၅ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ၌ အားကစားနည်း ၂၇ မျိုးတွင် သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၅၂၇ ဦး တို့ တက်ရောက်သင်ကြားကြပြီး အောင်ဆန်းကွင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၊ ကျိုက္ကဆံအားကစားနှင့်ကာယပညာသိပ္ပံနှင့် သက်ဆိုင်ရာ မြို့နယ်များရှိ အားကစားကွင်း၊အားကစားရုံများ၌ မတ် ၁၄ ရက်မှ ဧပြီ ၈ ရက်အထိ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ အခမ်းလေ့ကျင့်မှုများပြုလုပ်မည်

ရန်ကုန် မတ် ၁၈

၁၃၆၆ ခုနှစ် တပေါင်းလပြည့်နေ့ မတ် ၂၄ ရက်တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်ကြမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား မတ် ၂၂ ရက် ညနေ ၃ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ဂုဏ်ပြုပွဲနှင့်အစမ်းလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သဖြင့် မတ် ၂၁ ရက် (တနင်္လာနေ့) တွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူမည့်ဆရာတော်များရောက်ရှိ

ရန်ကုန် မတ် ၁၈

ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဋ္ဌမအစည်းအဝေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူရန် ပြည်နယ်နှင့်တိုင်းများမှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင် ဆရာတော်များ၊ ဘွဲ့ခံဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်တို့သည် ယနေ့နံနက်ပိုင်းမှ စတင်၍ လေကြောင်းခရီးဖြင့် လည်းကောင်း၊ မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ လုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မျိုးကျော်၊ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ ညွှန်ကြားရေးမှူး ဦးခိုင်အောင်နှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရန်ကုန်ဘူတာကြီးနှင့် အောင်မင်္ဂလာအဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းတို့တွင်ကြိုဆိုဖူးမြော်ကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

ယနေ့ ကြွရောက်တော်မူလာကြသည့်ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်များမှာ နိုင်ငံတော်သြဝါဒါစရိယဆရာတော် သုံးပါး၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ၇၅ ပါး၊ ဘွဲ့ခံဆရာတော် ၂၁ ပါးနှင့် ဘွဲ့ခံသာသနာ့နွယ်ဝင် သီလရှင် တစ်ပါးတို့ ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

သကြၤန်အခါ လယ်တီဝိပဿနာ တရားစခန်းများ

ရန်ကုန် မတ် ၁၈

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် သြဝါဒါစရိယ လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယ အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်၏ သြဝါဒတော်အရ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်နှင့် စမ်းချောင်းမြို့နယ် လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ၃၃၇/က ပြည်လမ်း(မဟာမြိုင် မှတ်တိုင်အနီး) ရန်ကုန်မြို့၌ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူးပြီး ၁၃၆၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက် (ဧပြီ ၁၃ရက်)သကြၤန်အကြိုနေ့ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သကြၤန်အခါလယ်တီဝိပဿနာ တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

(၈၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကိုလည်း ၁၃၆၆ ခုနှစ် တပေါင်းလပြည့်နေ့ ညနေ ၅နာရီ၌ ဖွင့်မည်ဖြစ်ရာ ဖုန်း-၆၅၁၀၆၄၊ ၅၃၄၃၂၉ သို့ ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ယောဂီစာရင်းပေးသွင်းခြင်း၊ ဆွမ်းဒါန လှူဒါန်းခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။

(က-ပ)

အထက (ဗထူးတပ်မြို့) ရွှေရတုကျင်းပမည်

ရန်ကုန် မတ် ၁၈

ဗထူးတပ်မြို့ တပ်မတော်ကလေးများ အထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် နိုဝင်ဘာတွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသော ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများသည် ဆက်သွယ်လှူဒါန်းလိုပါက ရန်ကုန်မြို့ ဦးခင်မောင်ဝင်း ဖုန်း-၀၁-၅၈၄၄၉၉၊ ၀၉၅၀-၁၇၂၃၄၊ ဦးဘုန်းအောင် ဖုန်း-၀၁-၅၂၅၇၀၇၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း-၀၁-၅၁၀၅၉၅၊ ဦးညွန့်အောင် ဖုန်း-၀၁-၅၃၈၅၃၀ နှင့် ဗထူးတပ်မြို့ ဦးသန်းမောင် ဖုန်း-၀၈၁-၄၀၁၀၁၊ အထက်တန်းပြ ဆရာမ ဒေါ်သဲနု ဖုန်း-၀၈၁-၄၀၀၈၇ တို့သို့ ဆက်သွယ်လှူဒါန်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်ရုံးတွင် မတ် ၁၅ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးခင်မောင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ကုသိနာရုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှ မြို့နယ် စစ်ကွင်းမြို့ ကုသိနာရုံဘုရားတိုက်အတွင်း ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် ဧပြီ ၁၀ ရက်မှ ၁၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရော်ဘာပြားများကို ရောင်းတမ်း၌ဈေးနှုန်းကောင်းကောင်းရရှိစေရန် စီစဉ်ထုတ်လုပ် နိုင်ငံတော်ကသတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ရောင်းဝယ်ခွင့်ပြုထား

ရန်ကုန် မတ် ၁၈

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မတ်၁၂ ရက်နံနက်ပိုင်းက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မြိတ်မြို့မှ မြိတ်–ထားဝယ်ပြည်ထောင်စုကားလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြပြီး မြိတ်ခရိုင် ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မြိတ်ခရိုင် ပုလောမြို့နယ် တိုကျေးရွာအုပ်စုရှိ ရော်ဘာစိုက်တောင်သူ ဦးစုစု၏ ရော်ဘာပျိုးခင်းသို့ ရောက်ရှိကြ၍ ယာယီရှင်းလင်းဆောင်၌ တောင်သူ ဦးစုစုနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှတာဝန်ရှိသူများက ပျိုးခင်း၌ RRIC-717 ပျိုးပင်၅၀၊ BPM-24 ပျိုးပင်၁၂၀၀၀၀အပါအဝင် ရော်ဘာပျိုးပင်များ ပျိုးထောင်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရော်ဘာပျိုးပင်များ ပျိုးထောင်ထားမှု၊ ပျိုးပင်များပျိုးထောင်ရန် ပဏာမလုပ်ငန်းများလုပ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံရော်ဘာတောင်သူများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသဖွံ့ဖြိုးရေးတွင် ဝိုင်းဝန်းပါဝင်ကြရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုကတင်ပြချက်များအပေါ် ဆွေးနွေး မှာကြားပြီး အမှာစကားပြောကြားရာတွင် ပုလောမြို့နယ်သည် ဒေသဆန်ဖူလုံမှုရှိသည့်အပြင် ပိုလျှံသည်ထက် ပိုလျှံအောင်ဆောင်ရွက်နေကြသည်ဟု သိရှိရကြောင်း၊ သို့ရာတွင် တိုးတက်မှုအရှိန်အဟုန် ပိုမိုရရှိစေရန် ဆက်လက်ကြိုးပမ်းကြရဦးမည် ဖြစ်ကြောင်း။

တနင်္သာရီတိုင်း၏ယခင်အခါက အခြေအနေများကို ပြန်ကြည့်လျှင် မြို့ကြီးအချို့ကလွဲ၍ ဒေသတည်ငြိမ် အေးချမ်းမှုမရှိသဖြင့် သွားလာဆက်သွယ်ရေးမှအစ အစစအရာရာ ဖွံ့ဖြိုးမှုမရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒေသတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဦးစွာကြိုးပမ်းခဲ့ကြောင်း၊ ထို့နောက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ခဲ့ကြောင်း၊ နယ်စပ်ဒေသမှ တိုင်းရင်းသားပြည်သူများဖွံ့ဖြိုးတိုးတက်လာအောင်လည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုမျှတအောင် အထူးဒေသကြီး၂၄ခု စီမံကိန်း၊ ကျေးလက်နှင့်မြို့ပြတို့ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း မရှိစေအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် စီမံကိန်းများကိုချမှတ်ပြီး တိုင်းရင်းသားပြည်သူများနှင့် လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြောင်း၊ ထို့အတူ တနင်္သာရီတိုင်းသည်လည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးကိုယ်တွေ့မျက်မြင် ဖြစ်ကြောင်း။

ဤသို့ ဖွံ့ဖြိုးတိုးတက်လာရခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ထွန်းလာသဖြင့် သမိုင်းမှတ်တိုင်ကြီးပင် ဖြစ်ကြောင်း။ ထို့ကြောင့် ယခုထက် ပိုမိုတိုးတက်ရန် ယခုထက်ပိုမို၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပလောက်မြို့ နန်းတောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ ရှင်မုတ္ထီးဘုရားသို့ ရောက်ရှိကြ၍ ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် လောကသရဖူလျောင်းတော်မူဘုရားကြီးအားသွားရောက်ဖူးမြော်ကြည်ညိုပြီး(**အပေါ်ဝဲပုံ**)အလှူငွေများကို လှူဒါန်းကာ တာဝန်ရှိသူများအားလိုအပ်သည်များကိုမှာကြားသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပဝက်ကုန်းကျေးရွာရှိ ဦးမောင်ညို၏ ရော်ဘာစေးအပြားလုပ် စက်ရုံသို့ရောက်ရှိကြရာ ဦးမောင်ညိုနှင့် စက်ရုံအလုပ်သမားများက ရော်ဘာအစေးမှ ရောင်းတမ်းဝင်ရော်ဘာပြားထုတ်လုပ်ပုံအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာပြားများကိုရောင်းတမ်း၌ဈေးနှုန်းကောင်းကောင်းရရှိစေရန်စီစဉ်ထုတ်လုပ်ကြရေး၊ ရော်ဘာပြည်ပတင်ပို့ရောင်းချမှု တွင် နိုင်ငံတော်ကသတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုထားသဖြင့် မိမိတို့အကျိုးစီးပွား ဖြစ်ထွန်းသည့်အပြင် နိုင်ငံတော်၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းဖြစ်ရာ ပိုမိုတိုးတက်လုပ်ကိုင်ကြရေးတို့ကို မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပုလောမြို့သို့ ရောက်ရှိကြပြီးကမ်းရိုးတန်းရတနာခန်းမ၌ ပုလောမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက ပုလောမြို့နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကဏ္ဍများနှင့် စိုက်ပျိုးရေးကဏ္ဍ၌ ၂၀၀၄–၂၀၀၅ခုနှစ်တွင် မိုးစပါး၂၇၁၀၄ဧကနှင့် နွေစပါး၄၃၀၆ဧကစိုက်ပျိုးပြီး အထွက်နှုန်းမှာ မိုးစပါးတစ်ဧက ၇၀ ဒသမ ၆၈နှင့် နွေစပါးတစ်ဧက ၆၉ တင်းနှုန်း ထွက်ရှိသဖြင့် ဒေသဆန်ဖူလုံသည့်အပြင် ပိုလျှံသည့်အတွက် ၁၀၆ဒသမ ၉၃ ရာခိုင်နှုန်းရှိမှုနှင့် မြို့နယ်၏ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများကို ရှင်းလင်း တင်ပြသည်။

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၈

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဆောင်သော လပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၂၈)ကြိမ်မြောက် အနာဂါမ်ဆရာ သက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ မတ်၂၄ရက် ညနေ၆နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆နှင့် ၀၅၆–၂၁၄၃၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့်တရားစခန်းဖွင့်မည့် မတ်၂၄ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသား မှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

မတ်၁၂ရက်က အာရှတော်ဝင် နှလုံးနှင့်အထွေထွေ ရောဂါကုဆေးခန်းကြီး၏ (ငါးနှစ်) မြောက် အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာမြတ်သူ ဦးဆောင်၍ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်း ၃၀ ဖြင့်

အဘိုး၊ အဘွားများအား နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများကို စစ်ဆေးမှုများ ပြုလုပ်ပေးစဉ်။

(က–ပ)

ပေးအပ်

တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ်၁၃ရက်က ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးလင်းက တစ်ဦးချင်းပေးအပ်စဉ်။

(က–ပ)

တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများပြင်ဆင်မွမ်းမံမှုများပြီးစီး

ရန်ကုန် မတ် ၁၈

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများ ပြင်ဆင်မွမ်းမံမှုများသည် ပြီးစီးလျက်ရှိသည်။

ထိုသို့ပြင်ဆင်မွမ်းမံမှုများ ပြီးစီးနေသော ဝန်ကြီးဌာနပြခန်းများမှာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနပြခန်း၊ တိုင်းစစ်ဌာနချုပ်ပြခန်းများမှာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ပြခန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ပြခန်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြခန်း၊ တိုင်းကျိုးပြည်ပြုပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၊ စစ်သမိုင်း ပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းနှင့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းတို့သည် ယမန်နေ့နံနက်ပိုင်းက ပြင်ဆင်မွမ်းမံမှုများ ပြီးစီးသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘရူနိုင်းဘုရင့်ဖလား(ယူ–၂၁)ဘောလုံးပြိုင်ပွဲ
မြန်မာလူငယ် အကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် မတ် ၁၈

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်ကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပရာ လာအိုလူငယ်အသင်းက မြန်မာလူငယ်အသင်းကို နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်ဂိုး

မြန်မာလူငယ်အသင်းအတွက် ပွဲချိန် ၂၂မိနစ်တွင် ဆန်းဒေးသိန်းက ဦးဆောင်ဂိုးသွင်းယူပေးသည်။ ၂၆မိနစ်တွင် လာအိုလူငယ်အသင်းက ချေပဂိုးသွင်းယူနိုင်သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေဖြစ်နေသည်။ လာအိုလူငယ်အသင်းအတွက် ဒုတိယဂိုးနှင့် အနိုင်ဂိုးကို ၅၇မိနစ်တွင် သွင်းယူသည်။

အုပ်စု(ခ)တွင် မြန်မာလူငယ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ လာအိုလူငယ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ ဘရူနိုင်းလူငယ်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး စင်ကာပူလူငယ်အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။

အကြိုဗိုလ်လုပွဲတက်

မြန်မာလူငယ်အသင်းနှင့် လာအိုလူငယ်အသင်းတို့ ခြောက်မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အရ မြန်မာလူငယ်အသင်း ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။ အုပ်စု(ခ)နောက်ဆုံးပွဲစဉ်အဖြစ် မတ် ၂၀ရက်တွင် ဘရူနိုင်းလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းက အသားတင် ၁၁ဂိုး၊ လာအိုလူငယ်အသင်းက အသားတင်တစ်ဂိုးရရှိထားကြရာ ဘရူနိုင်းလူငယ်နှင့် စင်ကာပူလူငယ်ပွဲစဉ်၌ ရလဒ်မည်သို့ပင်ရှိစေကာမူ မြန်မာလူငယ်အသင်း အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်မည် ဖြစ်သည်။

ယနေ့ပွဲ

မတ်၁၉ရက်(**ယနေ့**)တွင် အုပ်စု(က)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အင်ဒိုနီးရှားလူငယ်အသင်းနှင့် ဖိလစ်ပိုင်လူငယ်အသင်း၊ မလေးရှားလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အုပ်စု(က)အနိုင်အရှုံးနှင့် ရပ်တည်မှုအနေအထား

ဖိလစ်ပိုင်	၁	–	၂	မလေးရှား
ထိုင်း	၁	–	၀	ဗီယက်နမ်
ထိုင်း	၀	–	၀	ဖိလစ်ပိုင်
ဗီယက်နမ်	၀	–	၀	အင်ဒိုနီးရှား
ဖိလစ်ပိုင်	၀	–	၃	ဗီယက်နမ်
မလေးရှား	၂	–	၀	အင်ဒိုနီးရှား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
မလေးရှား	၂	၂	–	–	၄	၁	၆
ဗီယက်နမ်	၃	၁	၁	၁	၃	၁	၄
ထိုင်း	၂	၁	၁	–	၁	–	၄
အင်ဒိုနီးရှား	၂	–	၁	၁	–	၂	၁
ဖိလစ်ပိုင်	၃	–	၁	၂	၁	၅	၁

အုပ်စု(ခ)အနိုင်အရှုံးနှင့် ရပ်တည်မှုအနေအထား

မြန်မာ	၆	–	၀	စင်ကာပူ
ဘရူနိုင်း	၁	–	၀	လာအို
စင်ကာပူ	၁	–	၂	လာအို
မြန်မာ	၆	–	၀	ဘရူနိုင်း
လာအို	၂	–	၁	မြန်မာ

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
မြန်မာ	၃	၂	–	၁	၁၃	၂	၆
လာအို	၃	၂	–	၁	၄	၃	၆
ဘရူနိုင်း	၂	၁	–	၁	၁	၆	၃
စင်ကာပူ	၂	–	–	၂	၁	၈	၀

ကိုယ့်ရပ်ကိုယ့်ရွာ သာစေလို မီးကို မပေါ့နှင့်

ကမ္ဘာတစ်လွှား အားကစား

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစား ပါးမားကွာတားဖိုင်နယ်တက်ပြီး မစ်ဒယ်ဘရော့အသင်းပြိုင်ပွဲမှထွက်ရပြီ

ရောမ မတ် ၁၈

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ပါးမားအသင်းက ဆီဗီလာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး စပို့တင်းလစ္စဘွန်းက မစ်ဒယ်ဘရော့ကိုတစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ကာ စီအက်စ်ကေအေ မော်စကိုက ပါတီဇန်ကို နှစ်ဂိုး–တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သဖြင့် စီအက်စ်ကေအေမော်စကို၊ ပါးမား၊ စပို့တင်းလစ္စဘွန်းနှင့် အော့ဇေးအသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကြပြီ ဖြစ်သည်။

ပါးမားနှင့်ဆီဗီလာ

စီးရီးအေတွင် ခြေစွမ်းမပြနိုင်သည့် ပါးမားတို့ ပထမအကျော့ပွဲစဉ်အဖြစ် ဆီဗီလာကွင်း၌ ဂိုးမရှိသရေကစားခဲ့သဖြင့် ယခုပွဲအိမ်ကွင်း၌ အနိုင်ရအောင် ကစားနိုင်ခဲ့သည်။

ပါးမားအသင်းသည် ယူအီးအက်ဖ်အေဖလားတွင် အစဉ်အလာကောင်းပြီး နှစ်ကြိမ်တိုင်အောင် ဆုဖလားရယူနိုင်ခဲ့ဖူးရာ ယခုပွဲအနိုင်ရရှိမှ ကွာတားတက်နိုင်မည် ဖြစ်သဖြင့် အထူးကြိုးစား ကစားသွားခဲ့ရသည်။

ပါးမားအသင်းရှေ့တန်းမှ ဗီနာရိုလီ၊ ဂီဗက်ကာမာရာနှင့် ဂရီလာတို့ ထိုးဖောက်ကစားနိုင်မှု အားနည်းခဲ့သော်လည်း နောက်တန်းနှင့် အလယ်တန်းတို့က ဆီဗီလာ၏ တိုက်စစ်ကို ဟန့်တားဖြတ်တောက်နိုင်ခဲ့မှုကြောင့် ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။

၁၈မိနစ်တွင် ဆီဗီလာ နောက်ခံလူကြောင့် ရရှိသည့် ထောင့်ကန်ဘောကို ပါးမားနောက်ခံလူ ကာဒိုနီက တိုက်ရိုက် ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့သဖြင့် ပါးမားတို့ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဆီဗီလာတို့ ချေပဂိုးရရှိရေး ကြိုးစားတိုက်စစ်ဆင်ရာမှ ဆီဗီလာ တိုက်စစ်မှူး အင်တိုနီတို ဖြတ်ပေးလိုက်သည့် ဘောလုံးကို ပါးမားဂိုးရှေ့တွင် ဆီဗီလားတိုက်စစ်မှူး ဘက်တစ္စတာက အပြေးကန်သွင်းရာ ဂိုးဘားပေါ်ကျော်သွားသဖြင့် ပါးမားတို့ သက်သာခွင့် ရရှိသွားခြင်းဖြစ်သည်။

ပါးမားတို့ ယခုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး–ဂိုးမရှိဖြင့် ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

စပို့တင်းလစ္စဘွန်းနှင့် မစ်ဒယ်ဘရော့

ယူအီးအက်ဖ်အေ ဖလား ပထမအကျော့ပွဲစဉ်တွင် မိမိအိမ်ကွင်း၌ စပို့တင်းလစ္စဘွန်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသော မစ်ဒယ်ဘရော့သည် အဝေးကွင်းတွင် အနိုင်ကစားရန် ကြိုးစားခဲ့သော်လည်း ကံမကောင်းစွာဖြင့် ပွဲချိန်နောက်ဆုံးမိနစ်တွင် တစ်ဂိုးအသွင်းခံရကာ ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။

စပို့တင်းလစ္စဘွန်း တိုက်စစ်မှူးများဖြစ်သည့် ရီကာဒိုဆာပင်တို၊ လိဒ်ဆင်၊ ဗီယာနာနှင့် ဘာဘိုဆာတို့ အဆုံးသတ် ညံ့ဖျင်းမှုကြောင့်သာ စောစီးစွာ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ မစ်ဒယ်ဘရော့ တိုက်စစ်မှူးဇန်ဒမ်း ပထမပိုင်းပွဲချိန်အတွင်း ရရှိခဲ့သည့် အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့မှုကြောင့်သာ ယခုကဲ့သို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ စပို့တင်းလစ္စဘွန်းအတွက် မိနစ် ၉၀ တွင် တိုက်စစ်မှူးဘာဘိုဆာက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရရှိခဲ့သဖြင့် စပို့တင်းလစ္စဘွန်းသည် နှစ်ပွဲပေါင်းရလဒ် လေးဂိုး–နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

စီအက်စ်ကေအေနှင့်ပါတီဇန်

ဘရာဇီးတိုက်စစ်မှူး နှစ်ဦးဖြစ်သည့် ကာဗယ်ဟိုနှင့် ဗက်နာလစ်တို့ နှစ်ဦးသွင်းသည့် ဂိုးများကြောင့် စီအက်စ်ကေအေ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပထမအကျော့ အိမ်ကွင်းတွင် သရေကစားခဲ့သဖြင့် ယခုပွဲအဝေးကွင်း၌ အနိုင်ကစားရန် ကြိုးစားခဲ့သော ပါတီဇန်အသင်း၏ တိုက်စစ်ကို စီအက်စ်ကေအေက ဟန့်တားရင်းတန်ပြန် ထိုးဖောက်ကစားမှုမှ ပွဲချိန် ၆၉မိနစ်တွင် ဗက်နာလစ် ပေးလိုက်သည့် ဘောလုံးကို ကာဗယ်ဟိုက သွင်းယူလိုက်သဖြင့် ပထမဂိုးရရှိခဲ့သည်။

ဒုတိယဂိုးကို ၈၅ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဗက်နာလစ်က သွင်းယူခဲ့သဖြင့် နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပါတီဇန်မှ ၈၃ မိနစ်နှင့် ၈၅ မိနစ် တို့တွင် ဒီဂျော့ဂျေဗစ်နှင့် အီဗင်တိုမစ်တို့ အနီကတ်ပြ အထုတ်ခံရသဖြင့် ကိုးဦးတည်းနှင့် ကစားခဲ့ရသည်။

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် စီအက်စ်ကေအေနှင့် ပါတီဇန်တို့ပွဲတွင် စီအက်စ်ကေအေမှ ဗက်နာလစ်(ယာ)**က ပယ်နယ်တီပြစ်ဒဏ်ဘောကန်သွင်းလိုက်စဉ်။** (ဓာတ်ပုံ–အင်တာနက်)

စီအက်စ်ကေအေသည် ယခုပွဲအနိုင်ရရှိသဖြင့် နှစ်ပွဲပေါင်း ရလဒ် သုံးဂိုး–တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

အခြားပွဲများ

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် အော့ဇေးနှင့် လေလီတို့ပွဲတွင် ဂိုးမရှိသရေကျခဲ့သဖြင့် ပထမအကျော့၌ အော့ဇေးက တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့ရာ နှစ်ပွဲပေါင်း တစ်ဂိုး–ဂိုးမရှိဖြင့် အော့ဇေးအသင်း ကွာတားတက်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်ဇာရာဂိုဇာနှင့် ဩစတြီးယား ဗီယင်နာတို့ ဒုတိယအကျော့ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ပထမအကျော့တွင်လည်း တစ်ဂိုးစီ သရေဖြစ်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် သုံးဂိုး–သုံးဂိုးဖြစ်နေရာ ယူအီးအက်ဖ်အေ အဆုံးအဖြတ်အရ အဝေးပွဲဂိုးရလဒ်ပိုကောင်းသည့် ဗီယင်နာအသင်း ကွာတားဖိုင်နယ် တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)

ကိုးစား

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် ပါးမားနှင့် ဆီဗီလာတို့ပွဲတွင် ဆီဗီလာမှ လိုပက်(ယာ)**နှင့် ပါးမားမှ မာချီရိုနီတို့ ဘောလုံးရရှိရေးကြိုးစားစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

ရိုးမားကာဖီအိုရင်တီနာကိုနိုင်ပြီး အီတာလျံဖလားအကြိုဗိုလ်လုပွဲတက်ရောက်

ရောမ မတ် ၁၈

အေအက်စ်ရိုးမားအသင်းသည် အီတာလျံဖလား ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် ဖီအိုရင်တီနာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

သို့ရာတွင် ပထမအကျော့ပွဲစဉ်တွင် ရိုးမားအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ထားခဲ့သည်။ နှစ်ပွဲပေါင်း အပြန်အလှန်အားဖြင့် တစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပိုကစားခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီကန်သွင်းရာ ရိုးမားအသင်းက ခုနစ်ဂိုး–ခြောက်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

ယင်းနေ့က ဖီအိုရင်တီနာအသင်း ရရှိသောဂိုးမှာ ရိုးမားအလယ်တန်းလူ ခရစ္စတီယန်အိုဘိုဒိုက ပထမပိုင်း ၁၁ မိနစ်တွင် နောက်တန်းလူ မာတီယိုဖာရာရီအား ပြန်ပေးသောဘောလုံးမှာ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့ခြင်းဖြစ်သည်။

ရိုးမားတို့ ချေပဂိုးသွင်းနိုင်ရေး ခြေကုန်ထုတ်ကစားသော်လည်း အသင်းခေါင်းဆောင် ဖရန့်စစ္စကိုတော့တီ ပွဲသိမ်းဂိုးကန်ခွင့်ကြုံသော်လည်း ဂိုးမဝင်ဘဲဖြစ်ခဲ့သည်။

အချိန်ပိုပထမပိုင်း ခုနစ်မိနစ်တွင် ရိုးမားနောက်တန်းလူ ဖာရာရီ နှစ်ဝါတစ်နီထိပြီး ထွက်သွားရ၍ ရိုးမားတို့ ၁၀ ဦးတည်းဖြင့် ကစားရပြန်သည်။ သို့ရာတွင် ဖီအိုရင်တီနာတို့ အနိုင်ဂိုးမသွင်းနိုင်ခဲ့ကြပေ။

ရိုးမားကစားသမား ဒယ်လ်လက် ခေါင်းတိုက်သွင်းယူသော ဘောလုံးမှာ ဖီအိုရင်တီနာဂိုးသမား ခရစ္စတီယန်စီဂျက် ဒိုင်ဗင်ထိုး ကာကွယ်လိုက်ရသည်။

အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးမသွင်းနိုင်ကြ၍ ပယ်နယ်တီကန်သွင်းကြရာ ရိုးမားတို့ ခုနစ်ဂိုး–ခြောက်ဂိုးဖြင့် ပွတ်ကာသီကာ အနိုင်ရရှိပြီး အီတာလျံဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အေစီမီလန်အသင်းသည် ကွာတားဖိုင်နယ်တွင် အူဒီးနိစ်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

19-3 (13).p65 1 3/24/05, 7:34 PM

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည် ထွန်း နှင့် ခရိုင်နှင့် မြို့နယ် စိုက်ကြပ် အဖွဲ့ မတ် ၄ ရက်က နတ်မောက် မြို့နယ် လက်ခုပ်ပင် ရွာ ရှိ နတ်မောက် ဆည် ရေသောက် နွေစပါး စိုက် ခင်း များကို ကြည့်ရှု စစ်ဆေးစဉ်။(က–ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ကျောက်တံခါးနှင့် ဒိုက်ဦးမြို့နယ်၌ လမ်းဖွင့်ပွဲများကျင်းပ

ကျောက်တံခါး မတ် ၁၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များတွင် မတ် ၁၃ ရက် နံနက်က လမ်းဖွင့်ပွဲအခမ်းအနားများကိုကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် တက်ရောက်သည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ဖောဓိကွင်း–ဖျူတလင်း ကျေးလက်မြေသားလမ်းဖွင့်ပွဲကို ဖျူတလင်းလမ်း ကျေးရွာမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၅ သိန်းဖြင့် အရှည်ပေ ၇၉၂၀၊အကျယ် ၁၆ပေနှင့် ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုးဖြင့် အရှည် ပေ ၅၈၀၀၊ အကျယ် ၁၆ ပေ လမ်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ဒိုက်ဦးမြို့သို့ရောက်ရှိပြီး မြို့တွင်း အောင်ချမ်းသာလမ်း ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းလုပ်ငန်းဆောင်ရွက်မှုကိုရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိနှင့် အဖွဲ့ဝင်(၁)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(ဝဲပုံ) (နယ်စပ်/စည်ပင်)**

မတ် ၁ရက်က ကြို့ပင်ကောက်မြို့ အရှေ့လမ်းမတော်တွင် ကိုယ့်အား ကိုယ်ကိုး လမ်းကပ်တုံး ပေ ၁၂၀၀ ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ရပ်မိရပ်ဖများ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေး

မလှိုင် မတ် ၇

မလှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား အပတ်စဉ် ကျန်းမာရေးစစ်ဆေးခြင်းနှင့်ဆေးဝါးကုသခြင်းကို မတ် ၂ ရက်က ရပ်ကွက်ကြီး (၃)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အဆိုပါသက်ကြီးရွယ်အို အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီလွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာအေးအေးသန့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကြီး (၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များက ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အားဆေးများ တိုက်ကျွေးခြင်းနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ) (၄၁၉)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကွန်ဟိန်း မတ် ၁

ကွန်ဟိန်းမြို့အမှတ်(၃)ရပ်ကွက်တွင် သိနကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အမှတ် (၂)ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက ဘုရားရှိခိုးကျောင်းဝင်း အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် စာကြည့်တိုက်တာဝန်ခံ ဦးယာကုပ်ထောတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၆၀ကို မြို့နယ်ဥက္ကဋ္ဌဦးငွေဒိုးကလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက စာအုပ်မျိုးစုံ ၅၀၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုင်းနုက စာအုပ်မျိုးစုံ ၂၈အုပ်နှင့် မြို့နယ်သမဝါယမအသင်းရုံးက စာအုပ် ၁၀အုပ်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဝိုင်းမော်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များဖွင့် အလှူရှင်များက သုတ၊ရသစာအုပ်များပေးအပ်လှူဒါန်း

ဝိုင်းမော် မတ် ၂

ဝိုင်းမော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြတ်မိခင် စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက ဝိုင်းမော်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင်ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လုစိန်ခင်၊ ဆရာဝန်ဒေါက်တာ မြင့်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဘောမ်ယိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရည်ရွယ်ချက်

အလားတူ ဝိုင်းမော်မြို့နယ် နောင်ဟီးကျေးရွာ၌ ဖြိုးစာကြည့်တိုက်နှင့် စန်းကားကျေးရွာတွင် ရှေ့သို့စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ် အတွင်းရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းကြည်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဘောမ်ယိန်းတို့က ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာပြည်သူများက စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်ပေါင်း ၄၅၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဖေဖော်ဝါရီ ၄ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးတို့ နန့်ဖားကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တူးဖော်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ စိတ္တသုခ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၇ရက်က လက်ပံတန်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန စာထောက်(၃) ဒေါ်ကြည်မြတ်နွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြစ်သားမြို့နယ်တွင် လက်နှိပ်တုံကင်တွင်း ၈၀ ဖွင့်

မြစ်သား မတ် ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ပြီးစီးခဲ့သော ကျေးရွာ ၆၀ အတွက် လက်နှိပ်တုံကင်တွင်း ၈၀ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ ရက်က မြစ်ဆုံကြီးကျေးရွာ မုခ်ဦးမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး သန်းဝင်း၊ မြစ်သား မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျေးရွာ ၆၀မှ ရွာအလိုက် ကိုယ်စားလှယ်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး လက်ထောက် အင်ဂျင်နီယာ ဦးကျော်စိုးက ရေတွင်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစ်ဆုံကြီးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်အောင်က ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး သန်းဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်စိုးတို့က ရေတွင်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

လှိုင်လင်မြို့နယ် ရဲစခန်းဝင်း အတွင်း၌ ခရိုင်နှင့် မြို့နယ်မိသားစုဝင်များအား အခြေခံစစ်ပညာ မွမ်းမံသင်တန်း အပတ်စဉ် (၁/၂၀၀၅)ကို စစ်ရေးပြ လေ့ကျင့် သင်ကြားမှုအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သုတဖေနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

(ခရိုင် ပြန်/ဆက်)

နောင်မွန်းမြို့၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

နောင်မွန်း မတ် ၁

နောင်မွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း သန့်ရှင်း သာယာလှပရေးအတွက် ဇန်နဝါရီ ၃၀ရက်က စည်ပင်သာယာအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့နေ ပြည်သူများဖြင့် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိအငယ်တန်းအင်ဂျင်နီယာ–၂ ဦးအောင်ဇော်ထွေး တို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(နယ်စပ်/စည်ပင်)**

မတ် ၁၂ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ပဋ္ဌမအကြိမ် ရဟန်းခံရှင်ပြုသာသနာ့နွယ်ဝင် သီလရှင်ဝတ် အလှူမင်္ဂလာပြုလုပ်နိုင်ရေးအတွက် တာမွေကျောက်မြောင်း ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် ဗဟိုလမ်း အမှတ်(၁၂) နေ ဦးကျော်သောင်း–ဒေါ်စမ်းစမ်းနွယ်မိသားစုက အလှူငွေကျပ်လေးသိန်းကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (သာသန ဓဇသီရိပဝရ ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ရှေ့မှောက်တွင် အကျိုးတော်ဆောင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ညှိနှိုင်းဆွေးနွေးပွဲ သနပ်ပင်မြို့၌ကျင်းပ

သနပ်ပင် မတ် ၄

(၈)ကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်က သနပ်ပင်မြို့ ပြည်သူ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်က သနပ်ပင်မြို့နယ်တွင် ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်နိုင်ရန် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောကြကြောင်း သိရသည်။**(ဝဲပုံ)(မြို့နယ်ပြန်/ဆက်)**

ပျဉ်းမနားမြို့တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရဆရာတော် ချီးကျူးပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ပျဉ်းမနား မတ် ၁၀

ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်တွင် မဟာဂန္ထ ဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိဆရာတော်အား မြို့နယ်အတွင်း ချီးကျူးပူဇော်ပွဲ ကျင်းပနိုင်ရေးတို့အတွက် အစည်းအဝေးကို မတ် ၅ရက်က မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။

ဖွဲ့စည်း

အခမ်းအနားတွင် ဆရာတော်သည် တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့၌ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်အလှူခံပြီး ပျဉ်းမနားမြို့သို့ တပေါင်းလပြည့်ကျော် ၂ရက်တွင် ပြန်လည်ကြွရောက်မည့် ဆရာတော်အား စည်ကားသိုက်မြိုက်စွာ ကြိုဆိုနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းညှိနှိုင်းရေး အစည်းအဝေး ဆွေးနွေးကြသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်သူ မြို့နယ်သားများ ထပ်ဆင့်ပူဇော်ပွဲကို မေ ၁၃ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်၍ ပူဇော်ပွဲလုပ်ငန်းကော်မတီများဖွဲ့စည်းကြသည်။ ရပ်ဝေးရပ်နီးမှ ပါဝင်လှူဒါန်းလိုသူဒါယကာ၊ ဒါယိကာမများသည် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်တွင် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၁)**

အပြို့ ပြို့ အနယ်နယ်သတင်း

ပုဏ္ဏားကျွန်းတွင် ကျောက်ချောလမ်းနှင့် တံတားဖွင့်

ပုဏ္ဏားကျွန်း မတ် ၂

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စေတီရင်း–ရေပေါက်ချောင်း ကျောက်ချောလမ်းနှင့် သစ်သားတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါ မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် စေတီရင်း–ရေပေါက်ချောင်း ကျောက်ချောလမ်းမနှင့် သစ်သားတံတားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ချစ်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောက်လမ်းမှာ အရှည်ပေ ၁၅၅၀ နှင့် အကျယ် ၁၂ ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၁၈၃၀၀၀နှင့် သစ်သားတံတားမှာ အရှည်၅၆ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၁၀ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၃၅၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ဖေဖော်ဝါရီ ၅ရက်က တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်း ၂၀၀၃–၂၀၀၄ ခုပညာ ရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆုရ မအိမ့်မြတ်နိုးနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေခင် က ဆုပေးအပ် ချီးမြှင့်စဉ်။

(က–ပ)

မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြသ

ရေနံချောင်း မတ် ၃

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေး မီးဘေးလုံခြုံရေးစီမံချက်အရ ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲ၁နာရီက မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့ရေနံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ မကွေးတိုင်း မီးသတ်တပ်ဖွဲ့မှူး ဦးကျော်မြင့်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

ဂုဏ်ပြုလွှာပေးအပ်

ပုသိမ်မြို့ အမှတ်(၃၅) မင်းရဲကျော်စွာလမ်းနေ ဦးအောင်ခ–ဒေါ်ခင်သန်း (နှင်းဝေလွင် မြန်မာထမင်းဆိုင်)မိသားစုက ပုသိမ်မြို့ (၃)ရပ်ကွက် သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိစာသင်တိုက်ရှိ ကရုဏာလူမှုကူညီရေး အသင်းသို့ ဆေးပဒေသာပင် အတွက် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ အသင်းအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းနာယက ဦးစိုင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

ကွင်းဆင်းကြီးကြပ်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော စွန့်ပစ်အမှိုက်နှင့် မြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ၃၁ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

(၆၉)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်) တိုက် ၁၉ (ငါးလွှာ)နေ ဒေါ်သန်းသန်းဆင့်**(အပေါ်ပုံ)** သည် ဗဟိုအမျိုးသမီး သွေးလှူဘဏ်၌ မတ် ၁၀ရက်က (၆၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ဌာနတစ်ခုနှင့်တစ်ခု လုပ်ငန်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု၊ ပစ္စည်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု အချိတ်အဆက်မိမိ ဆောင်ရွက် စက်ရုံအလုပ်ရုံအချင်းချင်း အပြန်အလှန်အသိအမြင်ဖလှယ်ပြီး အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်နေရန်အရေးကြီး

ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိလာသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ် (၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန၌ သတ္တုအနုစိတ်တည်ဆောက်မှု စမ်းသပ်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေရှိ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန ရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အင်းတကော် စက်မှုနယ်မြေမှ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ထုတ်လုပ်မှုစွမ်းအားတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၃ ခုနှစ် ဇွန်လတွင် ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ "အဖွဲ့အစည်းတစ်ခု ရှင်သန်အောင်မြင်ရေးအတွက် တူညီသောသဘောတရား၊ တူညီသောယုံကြည်ချက်၊ ခံယူချက်နှင့်လက်တွေ့ ပေါင်းစပ်ဆောင်ရွက်သွားမှသာ ယင်းအဖွဲ့ ရေရှည်တည်တံ့ခိုင်မြဲ အောင်မြင်နေမည်။ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့်လည်း အဆင့်ဆင့်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့ဝင်များအနေဖြင့် တူညီသောသဘောတရား၊ တူညီသောယုံကြည်ချက်၊ ခံယူချက်များအပေါ်တွင် လက်တွေ့ပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုး၊ အသင်းအဖွဲ့၏အကျိုးအတွက် တက်ညီလက်ညီ အောင်အောင်မြင်မြင် ဆောင်ရွက်ကြရန်လို" ခေါင်းကြီး(စာ-၂)

❒ မြန်မာ့ပဲမျိုးစုံပို့ကုန်၏ ၇၀ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံက ဝယ်ယူနေခြင်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ဈေးကွက်တစ်ခုတည်းကို အဓိကမှီခိုနေရသည့် အခြေအနေမှ အခြားအခြားသော ကမ္ဘာ့နိုင်ငံဈေးကွက်များသို့လည်း ဈေးကွက်သစ်များရရှိရေးအတွက် စမ်းသပ်ထိုးဖောက်ကြည့်ကြရန် အခြေအနေများလည်း ပေးလျက်ရှိနေပါသည်။ မောင်ပီတိ၏ ဆောင်းပါး(စာ-၁၀)